www.free4readers.com

PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ

သတင်းဂျာနယ်

www.pyimyanmarnews.com အမှတ် (၁၁၂၇) 24-5-2018 ( ကြာသပတေးနေ့ )




## မြန်မာ့ပထမဆုံး ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်များ တည်ဆောက်ပြီးစီး

ရန်ကုန်တိုင်းဒေသကြီး သီလဝါစက်မှုဇုန်တွင်မြန်မာနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိက ရေနံဓာတ်ငွေ့ရည် (LPG) သိုလှောင်ကန်များကို တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါသိုလှောင်ကန်များကို တည်ဆောက်သော Elite Petrol Chemical Company မှ သိရသည်။

အဆိုပါ သိုလှောင်ကန်များကို လွန်ခဲ့သော ၂၀၁၃ ခုနှစ်က စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး LPG လှောင်ကန်များနှင့်အတူ နိုင်ငံတကာ စက်သုံးဆီ အတင်အချဆိပ်ကမ်းတို့ကိုလည်း တည်ဆောက်ခဲ့ကြောင်း၊ ယခုအခါ LPG လှောင်ကန်များတွင် LPG ပမာဏ ကုဗမီတာ တစ်သိန်း သိုလှောင်နိုင်ကြောင်း သိရသည်။

ဆိပ်ကမ်းဒီဇိုင်းကို China Hobour ကုမ္ပဏီက ပုံစံထုတ် တည်ဆောက်ခဲ့ပြီး သိုလှောင်ကန်ဆိုင်ရာ ဒီဇိုင်းနှင့်ကြီးကြပ်မှုများကို CNPC ကုမ္ပဏီက ဆောင်ရွက်ခဲ့ကာ ယခုနှစ် ဧပြီလ ၈ ရက်က တန်ချိန် ထောင်ကျော်ပါဝင်သော LPG သင်္ဘောတစ်စင်း ပထမဦးဆုံးအနေဖြင့် စတင်ဆိုက်ကပ်နိုင်ခဲ့ကြောင်း။ သင်္ဘောပေါ်မှ ဓာတ်ငွေ့ရည် လက်ခံယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရန်ထုတ်ပေးခြင်းအဆင့်တိုင်းတွင် အလိုအလျောက်ထိန်းချုပ်ခန်း၏ အဆင့်မြင့်နည်းပညာများဖြင့် ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းစဉ်များ အတွက်ပြည်ပမှ . . . . စာ-၃




မေငယ်

## မြိတ်ကျွန်းစုသို့ ခရီးသွားဝင်ရောက်မှုများလာ၍ ကျွန်းသစ်များ၌ ခရီးသွားလုပ်ငန်းလုပ်ရန် လျှောက်ထားသူများရှိလာဟု ဆို

စာ-၂၂



Photo : Pyiet Oo Aung

ရှိန်းဝင်းထိုက်

ရန်ကုန်မြို့တွင်းမှ မန္တလေးအမြန်လမ်းအထိ ချိတ်ဆက်မည့် ပထမဆုံး မိုးပျံလမ်းအတွက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် စာ-၁၃

စာ-၁၉ ယခု ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှစတင်ကာ တက္ကသိုလ် ၁၁ ခုကို တိုက်ရိုက်လျှောက်ထားခွင့်ပြုမည်

ကျပ် ၁၀၀၀ တန် အောင်ဘာလေထီ ထုတ်ဝေရန် စီစဉ် ထီတန်ဖိုးမြင့်သလို ဆုကြေးလည်း မြင့်လာနိုင်ဟု ဆို စာ-၁၇

ARSA သည် ပုံစံတစ်မျိုးဖြင့် ပြန်ပေါ်လာဖွယ်ရှိဟု ယခင်သမ္မတ၏ အကြံပေးဟောင်း သုံးသပ် စာ-၂၁



www.free4readers.com



## ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို SKY NET ရုပ်သံ၊ အခမဲ့ရုပ်သံလိုင်းအချို့နှင့် ဖုန်းအက်ပလီကေးရှင်းတို့တွင် တိုက်ရိုက်ပြသပေးသွားမည်




၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာတစ်နိုင်ငံလုံး ထုတ်လွှင့်ပြသခွင့်အတွက် တစ်ဦးတည်းမူပိုင်ခွင့်ရရှိထားသည့် **SKY NET** ရုပ်သံလိုင်းက ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအပါအဝင် ပွဲစဉ်အားလုံးကို တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည် ဖြစ်သည့်အပြင် အခမဲ့ရုပ်သံလိုင်းအချို့တွင်လည်း ခွဲဝေပြသခွင့် ပေးသွားမည်ဖြစ်ကြောင်းနှင့် အူရီဒူးဖုန်းအက်ပလီကေးရှင်းတို့တွင် ပြသသွားမည်ဖြစ်ကြောင်း Sky Net ရုပ်သံ၏ ဒါရိုက်တာ ဒေါက်တာသိန်းသန်းဦးက ပြောသည်။

ရုရှားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ **အုပ်စုအဆင့်မှ နောက်ဆုံး** ဗိုလ်လုပွဲအထိ ပွဲစဉ်ပေါင်း ၆၄ပွဲရှိပြီး **SkyNet Sports 1, SkyNet Sports 6, SkyNet HD** ရုပ်သံလိုင်းများမှ ပွဲစဉ်အားလုံးကို တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။ ထို့အပြင် SKY NET ရုပ်သံနှင့်အတူ **Official Broadcast Sponsor** အဖြစ် ပူးပေါင်းပံ့ပိုးပေးထားသည့် အူရီဒူးက ဖုန်းအက်ပလီကေးရှင်းမှ ကမ္ဘာ့ဖလား ပွဲစဉ် ၅၆ပွဲ တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။ "ပွဲတချို့ကို ကျွန်တော်တို့ အခမဲ့ ရုပ်သံလိုင်းတွေမှာ လွှင့်မှာပါ။ ဒါမှလည်း အားလုံးကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က အခုညှိနှိုင်းဆဲဖြစ်နေတဲ့အတွက် ဘယ်ရုပ်သံလိုင်းတွေလဲဆိုတာ ပြောလို့မရသေးဘူးပေါ့နော်။ သူတို့တစ်တွေလည်း အဆင်ပြေပြီး အတည်ဖြစ်သွားရင်ကြေညာကြမှာဖြစ်ပါတယ်။ **အခမဲ့ရုပ်သံလိုင်းက ပြသသွားမယ့် ပွဲစဉ်ကတော့ ၁၀ ပွဲအကျော်မှာ ရှိပါတယ်၊** ကျွန်တော်တို့လည်းပေးမှာပါ" ဟု ဒေါက်တာသိန်းသန်းဦးက ပြောသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာတစ်နိုင်ငံလုံး ရုပ်သံပြသခွင့်ရရှိရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သို့ ပေးဆောင်ရသော ကုန်ကျစရိတ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ စာချုပ်ပါအချက်အလက်အရ ထုတ်ဖော်ပြောခွင့်မရှိကြောင်း သိရပြီး **SKY NET** ရုပ်သံလိုင်းစတင်တည်ထောင်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှ ရှစ်နှစ်တာကာလအတွင်း ၂၀၁၂ ယူရိုဖလား၊ ၂၀၁၄ ကမ္ဘာ့ဖလားနှင့် ၂၀၁၆ ယူရိုဖလားပြိုင်ပွဲတို့ကို မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တိုက်ရိုက်ပြသခွင့်ရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ် ကမ္ဘာ့ပြိုင်ပွဲ အားလုံးကို တိုက်ရိုက်ပြသသွားမည့် SkyNet ရုပ်သံလိုင်းသုံးခုမှ **SkyNet Sports 6** ရုပ်သံလိုင်းကို မေလ ၂၉ရက် ဇူလိုင် ၁၅ ရက်အထိ **FIFA World Cup Channel** အဖြစ်ပြောင်းလဲသွားမည်ဖြစ်ပြီး ကမ္ဘာ့ဖလားနှင့် ပတ်သက်သည့် အစီအစဉ်များ သတင်းများကိုအချိန်နှင့်တစ်ပြေးညီ ပြသသွားမည်ဖြစ်သည်။ ထိုကဲ့သို့ **ကမ္ဘာ့ဖလားထုတ်လွှင့်မှုများအတွက် စင်ကာပူ၊ မလေးရှား အစရှိသည့် နိုင်ငံများမှ ရုပ်သံများက ကမ္ဘာ့ဖလား Package အဖြစ် အခကြေးငွေများထပ်မံ ကောက်ခံသွားသော်လည်း SKY NET ရုပ်သံကို ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပုံမှန်အတိုင်းသာ ပေးဆောင်၍ ကြည့်ရှုသွားနိုင်မည်ဖြစ်သည်။**

ရုရှား ကမ္ဘာ့ဖလား ပြိုင်ပွဲ **အုပ်စုပွဲစဉ်များကို လာမည့် ဇွန် ၁၄ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲ၊ ည၆နာရီခွဲ၊ ည ၈ နာရီခွဲ၊ ည ၉နာရီခွဲ၊ ည ၁၀နာရီခွဲနှင့် နံနက် ၁၂ နာရီခွဲတို့တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။ ၁၆သင်း ရှုံးထွက်ပွဲစဉ်များ၊ ကွာတားဖိုင်နယ်ပွဲစဉ်များ၊ ဆီမီးဖိုင်နယ်ပွဲစဉ်များ၊ တတိယနေရာလုပွဲနှင့် ဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁ရက်မှ ၁၅ရက်အထိ** ကျင်းပသွားမည်ဖြစ်ပြီးမြန်မာစံတော်ချိန် ည ၆နာရီခွဲ၊ ည၈နာရီခွဲ၊ **ည၉နာရီခွဲနှင့်နံနက်၁၂နာရီခွဲအချိန်တို့တွင်** ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်သည်။

မိုင်းစောလွင်

## ဇလုံတောင်ဒေသ ဖွံ့ဖြိုးရေးအတွက် မြေ ၄၇ ဧကတွင် ကားဝင်း၊ စားသောက်ဆိုင်နှင့် ဟိုတယ်စီမံကိန်းများ ဆောင်ရွက်မည်



စစ်ကိုင်းတိုင်းဒေသကြီး၊ **ကသာခရိုင်၊ ဝန်းမောက်မြို့နယ်ရှိ ဇလုံတောင်ဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ခမိုးကျေးရွာရှိ မြေ ၄၇ ဧကတွင် ကားဝင်း၊ စားသောက်ဆိုင်နှင့်ဟိုတယ်စီမံကိန်းများကို ယခုနှစ်အတွင်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ဇလုံတောင်ဂေါပက အတွင်းရေးမှူး ဦးအောင်စိုးမင်းက မေလ ၁၈ ရက်တွင်ပြောသည်။

ခရီးသွားဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မည့် **ခမိုးကျေးရွာသည် ဝန်းမောက်မြို့နှင့် သုံးမိုင်ခန့်အကွာတွင် တည်ရှိကာ** ဇလုံတောင်ဒေသသို့ လာရောက်သည့် လမ်းခရီး အဆင်ပြေစေရေး၊ ခရီးသွားများအား အလှည့်ကျစနစ်ဖြင့် ကားစီးနိုင်ရေး၊ တောင် အတက်အဆင်း အန္တရာယ် ကင်းရှင်းရေးအတွက် **လက်ရှိ ဇလုံတောင်ကားဝင်းကိုလည်း ယင်းကျေးရွာသို့ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်းသိရသည်။** "ဇလုံတောင်ကားဝင်းကို ခမိုးဆိုတဲ့ကျေးရွာမှာ တိုင်းဒေသကြီးအစိုးရအစီအစဉ်နဲ့အခုဘတ်ဂျက်မှာ ပြီးအောင်လုပ်မှာပါ။ လာမယ့် ခရီးသွားရာသီအမီ လုပ်မှာပါ။ ခရီးသွားတွေအဆင်ပြေအောင် အိမ်သာ၊ ရေချိုးခန်း၊ နားနေဆောင်နဲ့ တခြားလိုအပ်တာတွေကို လုပ်မှာပါ။ လက်ရှိကားဝင်းကသွားလာရတာဝေးပြီး ချောင်းဘေးမှာ ဖြစ်တော့ နည်းနည်းအန္တရာယ်များတယ်။ ဒီအတွက် တိုင်းဒေသကြီးအစိုးရက မြေ ၄၇ ဧကစီစဉ်ပေးထားတယ်။ ကားဝင်းအတွက် ၂၃ ဧက၊ ကျန်တာကို ဟိုတယ်ဇုန်လုပ်ဖို့ ချန်ထားတယ်။ ဟိုတယ်ကလည်း အနည်းဆုံး ၁၅ လုံးစာလုပ်ဖို့လျာထားတယ်" ဟု ၎င်းကပြောသည်။

ခမိုးကျေးရွာသည် **ဇလုံတောင်ဒေသ လူထုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ရန် ခွင့်ပြုထားသောကျေးရွာ တစ်ခုဖြစ်သည့်အပြင်** ကားဝင်း၊ ဟိုတယ်နှင့်စားသောက်ဆိုင်စီမံကိန်းများဆောင်ရွက်ပါက ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ "ဟိုတယ်စီမံကိန်းကိုတော့ လုပ်ငန်းရှင်တွေနဲ့ နှစ်အ လိုက်လုပ်မှာပါ။ ကားဝင်း၊ အိမ်သာ၊ ရေချိုးခန်း၊ နားနေဆောင်နဲ့ စားသောက်ဆိုင်တွေကတော့ ဦးစားပေးစနစ်နဲ့ လုပ်ရမှာပါ။ အခုတောင်ပေါ်မှာလည်း **လူတစ်ယောက် စာဝင်ထွက်လို့ရတဲ့ လမ်းကို အလွယ်တကူ အားလုံးတက်ရောက်ဖူးမြော်နိုင်ဖို့ အတက်အဆင်း လမ်းခွဲခြား ဆောင်ရွက်နေပါတယ်"** ဟု ၎င်းကထပ်မံပြောသည်။

ဇလုံတောင်သည် **ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၃၀၉၀ အမြင့်ရှိကာ** တောတောင်စိမ့်စမ်း သဘာဝအလှတရားများကို အပြည့်အဝ ရှုစားနိုင်သောနေရာတစ်ခုဖြစ်ပြီး တောင်တွင် မျောက်လွှဲကျော်၊ မျောက်စပ်၊ မျောက်လေပွေ၊ ဂျီ၊ တောဝက်၊ တောင်ဆိတ်၊ ကြောင်ကတိုး၊ လိပ်ပြာမျိုးစုံ နှင့် အခြားတောရိုင်း တိရစ္ဆာန်များစွာရှိကြောင်း သိရသည်။

ရှိန်းဝင်းထိုက် (သတင်း၊ ဓာတ်ပုံ)

## မြန်မာနိုင်ငံမှထွက်ရှိသော အရည်အသွေးမြင့်ပယင်းများကို တရုတ်နိုင်ငံအပြင် အခြားပြည်ပနိုင်ငံများမှ လာရောက်ဝယ်ယူမှုရှိလာဟု ဆို

မြန်မာနိုင်ငံအနေဖြင့် ပယင်းဈေး**ကွက်တွင် တရုတ်နိုင်ငံကိုမှီခိုနေရသော်လည်း ယခုအခါ ဗီယက်နမ်၊ ထိုင်း၊ အင်္ဂလန်နှင့် ဂျာမနီနိုင်ငံတို့မှလာရောက်ဝယ်ယူမှုရှိကြောင်း** jan jan amber ပယင်း ရောင်းဝယ်ရေးလုပ်ငန်းမှမန်နေဂျင်းဒါရိုက်တာ ဦးဂျန်းဂျန်းက မေလ ၁၈ ရက်တွင်ပြောသည်။

"တရုတ်ကတော့ အများဆုံးဝယ်**တာပေါ့။ သူက ဒီကဝယ်ပြီး တစ်ကမ္ဘာလုံးကို ဖြန့်တာ။** မြန်မာနိုင်ငံအနေနဲ့ ကုန်ကြမ်းလောက်ပဲထုတ်နိုင်သေးတယ်။ ပြည်တွင်းထုတ်ကုန်အနေနဲ့ ပန်းပုလက်ရာတွေတိုးတက်ဖို့နည်းပညာလိုသေးတယ်။ **အခုနောက်ပိုင်းတရုတ်အပြင် တခြားနိုင်ငံတွေကလည်းလာဝယ်ကြတယ်၊ အရည်အသွေးကောင်းတဲ့ပစ္စည်းတွေကို လာဝယ်တာများတာ။**ပစ္စည်းမကောင်းရင်တော့ ပြည်တွင်းပဲ ရောင်းရတာ။ ပြည်ပနိုင်ငံတွေက မဝယ်တဲ့ပစ္စည်းတွေလောက်ပဲမြန်မာနိုင်ငံမှာရောင်းရတာပါ" ဟု ၎င်းကပြောသည်။



မြန်မာနိုင်ငံတွင် နှစ်သက်တမ်းပေါင်းများစွာမှ အပင်နှင့် တိရစ္ဆာန် အင်းဆက်ရုပ်ကြွင်းများပါသော ပယင်း ကျောက်များစွာထွက်ရှိသော်လည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသောကြောင့် အမြတ်အစွန်းရရှိမှုနည်းပါးနေကြောင်းနှင့် ပြပွဲများပြုလုပ်ရန်လိုအပ်နေကြောင်းသိရသည်။

"အခုပယင်းမော်တွေလည်း ပိတ်ထားတော့ ပစ္စည်းထွက်အားက နည်းလာတယ်။ ဖွံ့ဖြိုးအောင်လုပ်ဖို့ ခက်ခဲဦးမယ်ထင်တယ်" ဟု ၎င်းကထပ်မံပြောသည်။

ပယင်းများကို မြန်မာနိုင်ငံတွင် ဉာဏ်တော်မျိုးစုံရှိသော ပယင်းဘုရား၊ ပန်းပုအကြီးစုဆောင်းလိုသူများအတွက် ပန်းပုအကြီးမျိုးစုံ၊ကာလာစုံလက်ပတ်များ၊ အကောင်စု ဆောင်းချင်သူများအတွက် ပယင်းအောင်း ဝင်အကောင်များ၊ အကောင်ပါ ပယင်းကို ဆွဲသီး၊ လက်စွပ်၊ နားကပ်များအဖြစ် ပြုလုပ်ရောင်းချလျက်ရှိကြောင်းသိရသည်။ ကချင်ပြည်နယ်ရှိ ပယင်းတွင်းများတွင် ရှားပါးတန်ဖိုးကြီးသော မျိုးတုံးပင့်ကူများ၊ ယင်ကောင်များနှင့် သက်တမ်းနှစ်ပေါင်း သန်း ၁၀၀ရှိ အပင်နှင့် တိရစ္ဆာန်များပါ ပယင်းများ ထွက်ရှိသောကြောင့် ဈေးကွက်ပိုမိုရရှိရန် အစိုးရအ ထောက်အပံ့များစွာလိုအပ်နေကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

(ဓာတ်ပုံ - Myanmar amber)

## မြောင်းမြတံတားသစ်ကို ကျပ်သန်းပေါင်းနှစ်သောင်းကျော် အကုန်အကျခံတည်ဆောက်မည်ဖြစ်ပြီး လာမည့်နှစ်ဧပြီတွင်ပြီးမည်

ဧပြီလ ၁ ရက် နံနက်အစောပိုင်း ပြိုကျပျက်စီးခဲ့သော **မြောင်းမြတံတားအသစ်ကို ကျပ်သန်းပေါင်းနှစ်သောင်းကျော် အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ပြီး လာမည့်နှစ်ဧပြီတွင် ပြီးစီးမည်ဖြစ်ကြောင်း** ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောသည်။

လက်ရှိတွင် **တံတားသစ်တည်ဆောက်မှုမှာ ၂၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး တံတားသစ်ကို သံကူကွန်ကရစ်တံတားအမျိုးအစားအဖြစ်** တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ "တံတားအသစ်ကိုတော့ တံတားဟောင်းဘေးမှာပဲ ဆောက်နေတာ။ တံတားဟောင်းရဲ့ဘေးနှစ်ဖက်က ကျန်တဲ့အပိုင်းအစတွေကို ဖျက်သိမ်းနေပြီ။ **ဒီတံတားဟောင်းဖျက်သိမ်းမှုကို ဇွန်လဆန်းမှာအပြီးဆောင်ရွက်မယ်"** ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားပြုပြင်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြောင်းမြမြစ်ကူးကြိုးတံတားကို ၁၉၉၆ ခုနှစ် မတ်လ ၂၇ ရက်က စတင်ဖွင့်လှစ်အသုံးပြုခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပြီးနောက် တံတားကြံ့ခိုင်မှုလျော့ကျလာကာ အန္တရာယ်ရှိလာသဖြင့် တံတားခံနိုင်ဝန်ကို တန် ၂၀ ထိ လျှော့ချအသုံးပြုခဲ့ကြောင်း၊ တံတားကျိုးကျခဲ့မှုကြောင့် ခြောက်ဘီးကုန်တင်ယာဉ်ဖြင့် မောင်းနှင်လာသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ သေဆုံးခဲ့ကြောင်း သိရသည်။

နှင်းနုဝေ

www.free4readers.com



www.free4readers.com



www.free4readers.com



PHOTO ALBUM
မှတ်တမ်းဓာတ်ပုံ မြင်ကွင်းစုံ

# ကမ္ဘာ့ဒုတိယအကြီးဆုံး နိုင်ငံ ကနေဒါ

ဒေါက်တာနုမြတ်သီဂီဦး


Banff အမျိုးသားသဘာဝဥယျာဉ်အတွင်းရှိ Moraine ရေအိုင်


ကနေဒါနိုင်ငံ၏ အနောက်ဘက်ခြမ်း ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိ သာယာလှပသည့် ဗန်ကူးဗားမြို့



ကနေဒါနိုင်ငံ၏ တည်နေရာပြ မြေပုံ


အနီရောင် မေပယ်ရွက်ပုံ ပါဝင်သည့် ကနေဒါနိုင်ငံအလံတော်



ကနေဒါနိုင်ငံ၏ မြို့ကြီးများ တည်နေရာပြမြေပုံ


CN Tower မျှော်စင်ကြီး တည်ရှိသည့် တိုရွန်တိုမြို့


Banff မြို့အနီး ရေခဲနေသည့် ရေအိုင်ပေါ်က စာရေးသူ


ကမ္ဘာကျော် နိုင်အာဂရာရေတံခွန်ကြီး၏ ကနေဒါနိုင်ငံဘက်ခြမ်း

ကနေဒါနိုင်ငံဟာ ရုရှားနိုင်ငံပြီးရင် ကမ္ဘာပေါ်မှာ အကြီးဆုံးနိုင်ငံကြီးပါ။ ဘယ်လောက်တောင်ကျယ်လဲဆိုရင် စတုရန်းကီလိုမီတာပေါင်း ၉ ဒသမ ၉၈သန်း (စတုရန်းမိုင် ၃ ဒသမ ၈၅ သန်း) နီးပါးကျယ်ဝန်းပါတယ်။ ဧရိယာ ကျယ်လွန်းအားကြီးလွန်းလို့ တစ်နိုင်ငံထဲမှာတင် Time Zone ၆ ခုတောင် ရှိနေပါတယ်။ ကနေဒါနိုင်ငံမှာ ကမ္ဘာ့စံချိန်တင်တဲ့အရာတွေလည်း များစွာရှိလို့နေပါတယ်။ ကမ္ဘာပေါ်မှာအရှည်ဆုံးလမ်းဟာ ကနေဒါနိုင်ငံ Ontario ပြည်နယ်မှာရှိတဲ့ Yonge လမ်းဖြစ်ပြီး ၁၂၅၀ မိုင်ထိရှည်လျားပါတယ်။ ဒါ့အပြင် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကမ်းရိုးတန်း လည်းရှိလို့နေပါတယ်။ ကမ်းရိုးတန်းအရှည်က ၁၂၅၅၆၇ မိုင်အထိရှိပြီး အတ္တလန္တိတ်၊ အာတိတ်နဲ့ ပစိဖိစ်သမုဒ္ဒရာ သုံးခုနဲ့တောင် ထိစပ်နေတာပါတဲ့။ ကမ္ဘာ့အကြီးဆုံးကျွန်း ၁၀ ခုအနက် သုံးခုကိုလည်း ကနေဒါနိုင်ငံက ပိုင်ဆိုင်ထားပါတယ်။ အကြီးဆုံးကျွန်း ဆိုရင် Great Britain ထက် နှစ်ဆလောက်ကြီးပြီး နောက်နှစ်ကျွန်းဆို အင်္ဂလန်နိုင်ငံအရွယ်အစားလောက်ထိရှိပါတယ်။ ကမ္ဘာပေါ်မှာ အရှည်လျားဆုံးနှစ်နိုင်ငံနယ်စပ်က အမေရိကန်နှင့် ကနေဒါတို့ဖြစ်ပြီး ၅၅၂၅ မိုင်လောက် ရှည်လျားပါတယ်။

သဘာဝအလှတွေပေါကြွယ်ဝတဲ့ ကနေဒါဟာ ကမ္ဘာပေါ်မှာ သဘာဝရေကန်အများဆုံးလည်း ပိုင်ဆိုင်ထားပါတယ်။ ကမ္ဘာပေါ်ရှိ သဘာဝရေကန်ပမာဏရဲ့ တစ်ဝက်ကျော်က ကနေဒါမှာရှိပါတယ်။ တစ်နိုင်ငံလုံးမှာ ရေကန်ပေါင်း နှစ်သန်းနီးကျော်ရှိပြီး အွန်တာရီယိုပြည်နယ်တစ်ခုထဲမှာတင် ရေကန်ပေါင်း နှစ်သိန်းခွဲရှိကာ ကမ္ဘာ့ရေချိုပေါင်းရဲ့ သုံးပုံတစ်ပုံကို ပိုင်ဆိုင်ထားတာတဲ့လေ။ သုံးစတုရန်းကီလိုမီတာထက် ပိုကျယ်တဲ့ ရေကန်ကြီးပေါင်း ၃၁၇၀၀ ရှိပြီး ၁၀၀ စတုရန်းကီလိုမီတာထက် ပိုကျယ်တာကတော့ ၅၆၁ ကန်ရှိကာ ကမ္ဘာ့အကြီးဆုံးရေကန်ကြီးတွေထဲက ရေကန်နှစ်ခုလည်း ပိုင်ဆိုင်ထားပါတယ်။ တောတောင်တွေ ဝန်းရံထားပြီး ကြည်လင်လွန်းလှတဲ့ စိမ်းပြာရောင်ရေကန်ကြီးတွေက ကမ္ဘာကျော်ပါတယ်။

သဘာဝရှုခင်းတွေအရမ်းလှတဲ့ ကနေဒါမှာ ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားတွေ အများကြီးလည်း လာရိုက်လေ့ရှိကြပါတယ်။ ကမ္ဘာ့သစ်တောတွေရဲ့ ၂၀ ရာခိုင်နှုန်းက ကနေဒါနိုင်ငံမှာရှိတာပါ။ သစ်တောအကျယ်အဝန်းပေါင်း ဧကသန်း ၉၈၀ ကျော်ရှိတဲ့ ကနေဒါရဲ့ အမျိုးသားသဘာဝဥယျာဉ်ကြီးတွေဟာ နိုင်ငံအတော်များများထက်တောင် ပိုကြီးနေတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ကနေဒါမှာ လေကောင်းလေသန့်ရှူရှိုက်နိုင်ပြီး ကမ္ဘာပေါ် စတုတ္ထမြောက်လေထုအသန့်စင်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံထားရတာပါ။ ကနေဒါရဲ့ ရာသီဥတုကလည်း အမြဲလိုလိုအေးနေတတ်ပါတယ်။ ကျွန်မတို့မိသားစုအလည်အပတ်သွားခဲ့တဲ့ နွေဦးအစ ဧပြီလထဲမှာတောင် အတော်အေးတာကိုတွေ့ခဲ့ရတယ်။ တောင်ထိပ်မှာနှင်းတွေ အမြဲမပြတ်ဖုံးနေတဲ့ ရော့(ခ်)ကီးတောင်တန်းတွေရှိလို့ နှင်းလျှောစီးတဲ့နိုင်ငံအဖြစ်လည်း နာမည်ကြီးပါတယ်။

ကနေဒါနိုင်ငံမှာ လူဦးရေက စုစုပေါင်း ၃၆ သန်းကျော်ရှိပြီး ၁ ဒသမ ၄ သန်းကပဲ ဒေသခံလူမျိုးတွေ ဖြစ်ပါတယ်။ လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းနီးပါးက အမေရိကန်နဲ့ ကနေဒါ နယ်စပ်နားဝန်းကျင်မှာနေကြပါတယ်။ ကနေဒါနိုင်ငံရဲ့ မြို့တော်နဲ့ အစိုးရရုံးထိုင်ရာ မြို့ကတော့ အော်တဝါ (Ottawa) မြို့ပါ။ အကြီးဆုံးမြို့ကတော့ ကမ္ဘာကျော် CN Tower မျှော်စင်ကြီးရှိတဲ့ တော်ရန်တိုမြို့ (Toronto) ပါ။ အမေရိကန်နိုင်ငံနဲ့ ကနေဒါနိုင်ငံနယ်စပ်မှာရှိတဲ့ တော်ရန်တိုမြို့ အနီးက နိုင်အာဂရာရေတံခွန်ကြီး (Niagara Falls) ဟာ ထင်ရှားကျော်ကြားပြီး ကနေဒါဘက် ကမြင်ရတဲ့ ရှုခင်းက ပိုမိုကျယ်ပြန့်ပြီး ပိုလှပါတယ်။ ကနေဒါရဲ့ ဒုတိယအကြီးဆုံးမြို့ မွန်ထရီယယ် (Montreal) မြို့က ကမ္ဘာပေါ်မှာ ပြင်သစ်နိုင်ငံက ပဲရစ်မြို့ပြီးရင် ပြင်သစ်စကားပြောသူဦးရေအများဆုံးမြို့ပဲဖြစ်ပါတယ်။ ပြင်သစ်လက်အောက်ခံ နယ်မြေဖြစ်ခဲ့ဖူးတဲ့ ကွီးဘက်စီးတီး (Quebec City) ကတော့ မြောက်အမေရိကတိုက်မှာ မြို့ရိုးရှိခဲ့ဖူးတဲ့ တစ်ခုတည်းသောရှေးဟောင်းမြို့ဖြစ်ပြီး ယူနက်စကိုရဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ခံထားရပါတယ်။ နှင်းတောင်တွေ ဝန်းရံနေတဲ့ ကနေဒါအနောက်ပိုင်း Banff မြို့လေးဟာ အနီးအနားမှာရှိတဲ့ စိမ်းပြာရောင်ရေကန်တွေနဲ့ တောင်တွေကြောင့် သဘာဝနှစ်သက်သူ၊ စွန့်စားခရီးသွားသူတွေ အလာများတဲ့မြို့လေးပါ။ အနောက်ဘက်ကမ်းခြေက ဗန်ကူးဗား (Vancouver) မြို့ကလည်း ပင်လယ်တွေ၊ နှင်းတောင်တွေ ဝန်းရံထားလို့ လှပတဲ့ရှုခင်းတွေကြောင့် ကျော်ကြားတဲ့ မြို့ကြီးတစ်မြို့ပဲ ဖြစ်ပါတယ်။

ကြီးမားကျယ်ပြန့်ပြီး တောတောင်၊ ပင်လယ် သဘာဝရှုခင်းများနဲ့ အလွန်အေးချမ်းသာယာလှပတဲ့ နိုင်ငံဖြစ်သလို လေ့လာစရာအပန်းဖြေစရာနေရာတွေလည်း အများအပြားရှိတာကြောင့် ကနေဒါနိုင်ငံဟာ ခရီးသွားဝါသနာပါသူတွေအတွက် သွားရောက်လည်ပတ်လေ့လာသင့်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ စာရေးသူညွှန်းဆိုချင်မိပါတော့တယ်။

ဒေါက်တာနုမြတ်သီဂီဦး


ကနေဒါနိုင်ငံ မြို့တော် အော်တဝါမြို့တစ်နေရာ


ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲကျင်းပသည့် ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့ မြင်ကွင်းတစ်ရပ်


ကနေဒါ၏ ရှေးဟောင်းမြို့တော် Quebec City


Yoho အမျိုးသားသဘာဝဥယျာဉ်နယ်မြေအတွင်းရှိ Lake Louise Ski Resort တွင် မိသားစုအမှတ်တရ


ကနေဒါအနောက်ပိုင်းက Banff တောင်ပေါ်စခန်းမြို့

www.free4readers.com



''စကားအများတွေပြောတတ်တဲ့လူတွေဟာ စာဖတ်နည်းလို့ပဲဗျ''

''ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးတတ်ကြတယ်''

''အလုပ်လုပ်ရင် အမှားပါတာပါပဲ''

''ဒါပေမဲ့ ဘာအလုပ်မှ မည်မည်ရရ အကောင်အထည်မပေါ်ဘဲနဲ့ အများစကားတွေပြောမိတဲ့သူတွေလည်းရှိတယ်''

''ကျွန်တော်တို့ငယ်ငယ်က ဝန်ကြီးတစ်ပါးကပြောတယ်။ မြန်မာ့လက်ရွေးစင်ဘောလုံးသမားတွေကိုပြောတာပါ။ မောင်တို့ဟာ ယနေ့မှာ အဆင့်ဆင့်တိုးတက်လာတာကို အဘကသဘောကျတယ်။ အရင်က ရပ်ရွာမှာကစားပြီး ရပ်ကွက်လက်ရွေးစင်တွေဖြစ်လာတယ်။ နောက်တော့ မြို့တွေကနေရွေးတယ်။ မြို့နယ်လက်ရွေးစင်တွေဖြစ်လာတယ်။ နောက်တော့ တိုင်းတွေပြည်နယ်တွေကနေ မောင်ရင်တို့ကို သဘောကျလို့ တိုင်းတို့ပြည်နယ်တို့ကနေ လက်ရွေးစင်တွေဖြစ်လာတယ်။ ဒါတွေဟာ မောင်ရင်တို့ရဲ့ ကြိုးစားမှုရလဒ်ပဲတဲ့''

''သူပြောတာမှန်တာပဲ''

''မှန်ပါတယ်။ နားထောင်ကြည့်ပါဦး။ သူကဆက်ပြောတယ်။ ဒီလိုကြိုးပမ်းမှုကြောင့် **ခုဆို မြန်မာ့လက်ရွေးစင်ဖြစ်လာတယ်၊ ဒီတော့ ဆက်ပြီးကြိုးစားသွားကြပါ၊ ဒါမှ ကမ္ဘာ့လက်ရွေးစင်ဖြစ်လာကြမယ်၊ ကမ္ဘာ့လက်ရွေးစင်ဖြစ်အောင် ကြိုးစားကြပါတဲ့**''

''**အင်း . . . တစ်မျိုးကြီးပဲ၊ ကမ္ဘာ့လက်ရွေးစင်ဖြစ်တဲ့အခါ ဘယ်ဂြိုဟ်သားနဲ့ သွားပြိုင်မလဲမသိဘူး**''

''ဒါကိုပြောတာပေါ့။ လူကြီးတွေဟာ သူတို့စကား ဘယ်ကိုရောက်နိုင်တယ်ဆိုတာကို သတိထားပြောရမယ်။ မိန့်ခွန်းတွေ အများကြီးပြောခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းက စကားအမှားမပါဘူး''

''သူက ထဲထဲဝင်ဝင်လုပ်ကိုင်တယ်။ စာတွေဖတ်တယ်။ သူက စိတ်တစ်ချောင်းထဲရှိတဲ့သူပေါ့''

''ဘယ်လို''

''ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးသာပထမ လွတ်လပ်ရေးသာ ဒုတိယ လွတ်လပ်ရေးသာ တတိယလို့ ယူဆတာကိုး''

''ဒါပေမဲ့ သူပြောတာကို အယူအဆလွဲသွားသူတွေရှိခဲ့တယ်''

''ဟုတ်လား . . . ဒီလိုဖြစ်တတ်ပါတယ်။ စကားတွေကို အယူအဆလွဲတာပဲ။ ကျွန်တော်ငယ်ငယ်ကလိုဖြစ်နေဦးမယ်။ ကျွန်တော်က သံပေါက်လေးတစ်ခုကိုသင်ရတယ်။ လက်ရေးလှအောင်ကြိုးစားမောင် စာမေးပွဲအောင်မှ တန်းတက်ရ ဆိုတာ''

''ကြားဖူးပါတယ်''

''သူ့ရဲ့အဓိပ္ပာယ်အစစ်က လက်ရေးလှအောင်ကြိုးစားကြပါ။ ဒီလိုကြိုးစားပြီး လက်ရေးလှမှ စာမေးပွဲအောင်မယ်။ စာမေးပွဲအောင်မှ အတန်းတက်ရမယ်ဆိုတဲ့ သဘောပဲ''

''ဟုတ်တယ်လေ''

''ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ပတ်ဝန်းကျင်မှာ လက်ရေးလှတဲ့သူတွေ အများကြီးရှိတယ်။ သူတို့ စာညံ့လို့ စာမေးပွဲကျတယ်။ တချို့ လက်ရေးမလှလည်း စာရတော့ စာမေးပွဲအောင်တာကို တွေ့ရတယ်။ ဒီတော့ ကျွန်တော်က သံပေါက်ရဲ့ အဓိပ္ပာယ်ကို တလွဲကောက်မိတာပေါ့။ လက်ရေးလှအောင်ကြိုးစားပေမယ့် အလကားပဲ။ စာမေးပွဲအောင်မှ အတန်းတက်ရတယ်လို့ ယူဆလိုက်တော့တယ်''

''ဒါကြောင့် ခင်ဗျားလက်ရေးချာတူးနေတာလား''




''**တကယ်တော့ လက်ရေးဟာစိတ်နဲ့ဆိုင်တယ်၊ စိတ်ကနေ လက်ကိုအမိန့်ပေးတာပဲ၊ ဒီတော့ အလေ့အကျင့်လည်းလိုတယ်၊ စိတ်တည်ငြိမ်မှု စတဲ့အရည်အသွေးတွေလိုတယ်၊ လက်ရေးကိုကြည့်ပြီး စိတ်နေသဘောထား ခန့်မှန်းလို့ရတယ်**''

* * *

''**ဒါနဲ့ ဗိုလ်ချုပ်က အများစကားမပြောပေမယ့် ဗိုလ်ချုပ်ပြောတာကို အဓိပ္ပာယ်ကောက်မှားတဲ့အကြောင်းပြောပါဦး**''

''ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးတိုက်ပွဲမှာ အင်္ဂလိပ်နဲ့ အပေးအယူလုပ်နေတဲ့ကာလ ၁၉၄၆ ခုနှစ်ပတ်ဝန်းကျင်ကပေါ့။ အဲဒီအချိန်မှာ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တွေဟာ တစ်လတစ်ခါဆုံပြီး နိုင်ငံရေးဆွေးနွေးလေ့ရှိကြတယ်''

''ကျွန်တော်လည်းကြားဖူးတယ်''

''ဒီတော့ အင်္ဂလိပ်နဲ့ဆွေးနွေးပွဲတွေလုပ်တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဂဠုန်ဦးစောဟာ သဘောထားမတိုက်ဆိုင်ဘူး''

''ဒါပေါ့။ ဒါပေါ့။ တစ်ယောက်နဲ့တစ်ယောက် ရည်ရွယ်ချက်တူချင်တူမယ်။ ဒါပေမဲ့ သဘောထားတိုက်ဆိုင်ဖို့မလွယ်ကူဘူးပေါ့''

''မှန်ပါတယ်။ ဒီတော့ ရဲဘော်သုံးကျိပ်နဲ့ဆုံတဲ့အခါတွေမှာ ဗိုလ်ချုပ်က ဒီဦးစောကြောင့် လုပ်ရတာအတော်ခက်တယ်ဆိုတဲ့စကားကိုပြောတယ်''

''ဒါတော့ သူလုပ်ရခက်တာကိုပြောတာပဲလေ။ အဆိုရှင်တွေကို ထောက်ခံတဲ့သူတွေရှိသလို ကန့်ကွက်သူတွေလည်းရှိတာပဲ''

''ဗိုလ်ချုပ်က သူ့ရဲ့အနေအထားကိုပြောတာပါ။ ဒါပေမဲ့ ဒီစကားဟာပေါက်ကြားပြီး အပြင်ရောက်သွားတယ်။ ဒီနေရာမှာ လွတ်လပ်ရေးကို ထိပ်တန်းတင်ထားတဲ့ ပုဂ္ဂိုလ်တချို့က ဒီလိုဗိုလ်ချုပ်ပြောတာဟာ ဦးစောကိုဖယ်ရှားဖို့ဖြစ်ရမယ်ဆိုပြီး ဦးစောကိုလုပ်ကြံတော့တာပဲ''

''ဦးစောကိုလုပ်ကြံတာကို ကြားဖူးတယ်။ ဦးစောဟာ တစ်ရက် အိမ်ကို သူ့ရဲ့ကားလေးနဲ့ပြန်လာတယ်။ ဒရိုင်ဘာက မောင်းတာပေါ့။ လုပ်ကြံတဲ့သူတွေဟာ သေသေချာချာကြံစည်ထားတယ်။ ဦးစောလာရင် နားထင်ကိုပစ်မယ်ပေါ့''

''ဟုတ်ပါတယ်''

''လုပ်ကြံတဲ့သူတွေဟာ သေသေချာချာလေ့ကျင့်ထားတဲ့ လက်ဖြောင့်သမားတွေပါ။ ဒါပေမဲ့ အဲဒီနေ့က ဦးစောက ငါခေါင်းနည်းနည်းနောက်နေတယ်ဆိုပြီး ကားမှန်တင်ပြီးစီးလာတယ်။ သေနတ်သမားတွေက နားထင်ကိုလှမ်းပစ်တယ်။ ဒါပေမဲ့ မှန်ကခံနေတော့ ကျည်ဆန်ဟာ မှန်နဲ့ထိတယ်။ မှန်ကွဲပြီးဦးစောရဲ့ မျက်စိမှာသွားစိုက်နေတယ်။ ကားကမောင်းပြေးသွားတယ်။ ဦးစောမသေဘူး''

''ဟုတ်ပါတယ်။ ဦးစောမသေဘူး။ ဒီတော့ ဦးစောဟာ အဖြစ်အပျက်ကိုစုံစမ်းတာ သူ့ကိုလုပ်ကြံဖို့အမိန့်ပေးသူက ဗိုလ်ချုပ်အောင်ဆန်းဖြစ်နေတယ်လို့ ကြားရတော့တာပဲ။ အယူအဆလွဲတာကိုမသိဘူး''

''ဒါကြောင့် ဦးစောဟာ ဗိုလ်ချုပ်တို့ကို လုပ်ကြံတာပေါ့ဟုတ်လား''

''မှန်ပါတယ်။ ဦးစောဟာ သူ့ကို ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံတယ်ဆိုပြီး တစ်ထစ်ချယုံကြည်သွားခဲ့တာကိုး။ အယူအဆလွဲတဲ့စကားကြောင့် တစ်ယောက်ကို တစ်ယောက် လုပ်ကြံတဲ့အကျိုးဆက်က အတော်လေးကြီးတယ်''

''မြန်မာပြည်ရဲ့ရွှေတောင်ကြီး ပြိုလဲသွားတယ်။ မြန်မာတွေရဲ့ကံကြမ္မာကို ဆုံးဖြတ်လိုက်သလိုဖြစ်တာပဲ''

> တကယ်တော့ လက်ရေးဟာ စိတ်နဲ့ဆိုင်တယ်။ စိတ်ကနေ လက်ကိုအမိန့်ပေးတာပဲ။ ဒီတော့ အလေ့အကျင့်လည်း လိုတယ်။ စိတ်တည်ငြိမ်မှုစတဲ့ အရည်အသွေးတွေ လိုတယ်။ လက်ရေးကိုကြည့်ပြီး စိတ်နေသဘောထား ခန့်မှန်းလို့ရတယ်

* * *

ခေါင်းဆောင်တစ်ယောက်ရဲ့စကားဟာ အရေးကြီးပါတယ်။

''ရခိုင်ဘုရင်မင်းထီးအကြောင်း ပြောပြချင်တယ်''

''ရှေးခေတ်ကာလ ရခိုင်ပြည်က သက်ဦးဆံပိုင်မင်းတစ်ပါးပဲပေါ့ဟုတ်လား''

''မှန်ပါတယ်။ သူတို့ဟာ အမိန့်ကို ပြတ်ပြတ်သားသားပေးလေ့ရှိတယ်။ ဒါပေမဲ့ တိုင်းသူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်တယ်ဆိုတဲ့မင်းပေါ့။ သူ့ခေတ်သူ့အခါ မင်းကောင်းမင်းမြတ်တစ်ပါးပဲ။ သူ့ဥပဒေတွေကို ပြဋ္ဌာန်းအုပ်ချုပ်တယ်။ တိုင်းပြည်အေးချမ်းတယ်၊ တစ်ရက်မှာ ပြဿနာဖြစ်ဖူးတယ်''

''ဘယ်လိုမျိုးလဲ''

''သူက နန်းတော်တိုင်တွေမှာ ကွမ်းစားတဲ့မှူးမတ်တွေ ထုံးသုတ်တာကိုတွေ့တယ်''

''ဘယ်လိုထုံးသုတ်တာလဲ''

''နန်းတော်မှာကွမ်းစားတဲ့အခါ ထုံးကို ကွမ်းရွက်ပေါ်ကိုသုတ်တယ်။ ထုံးကို လက်နဲ့သုတ်မှအားရတယ်။ ဒီတော့ လက်မှာပေကျန်နေတဲ့ထုံးကို ပြီးစလွယ် နန်းတော်တိုင်တို့ နံရံတို့မှာ သုတ်လိုက်တာပဲ''

''ဟိုခေတ်က တစ်ရှူးတွေမှမရှိဘဲ''

''ဒီလိုသုတ်ဖန်များတော့ နန်းတော်ရဲ့ညီလာခံခန်းမဟာ အရုပ်ဆိုးလာတယ်။ ဘုရင်မင်းထီးက အမိန့်ထုတ်တယ်။ နံရံဒါမှမဟုတ် တိုင်မှာထုံးသုတ်တဲ့သူရဲ့ လက်ညှိုးကိုဖြတ်မယ်တဲ့။ ဒါနဲ့ ဘယ်သူမှ တိုင်တို့နံရံတို့မှာ ထုံးမသုတ်တော့ဘူး။ ဒါပေမဲ့ တစ်ရက်မှာ ထုံးသုတ်ထားတာကိုတွေ့တယ်။ ဒီတော့ မင်းထီးကမေးတယ်။ မှူးမတ်တစ်ယောက်က ဒါဟာ ဘုရင်ရဲ့လက်ချက်ပဲလို့ နေ့စွဲနဲ့အတိအကျပြောခဲ့တယ်။ **ဒီတော့ ဘုရင်မင်းထီးဟာ သူလုပ်ခဲ့တဲ့ဟာကိုလက်ခံပြီး သူ့လက်ညှိုးကိုသူ ဖြတ်ခဲ့တယ်**''

''**သူ့စကား သူလိုက်နာတာပဲပေါ့**''

''မှန်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ လူတွေရဲ့အကျင့်တွေကိုပြောဖို့လိုတယ်။ အကျင့်ဖြစ်နေတဲ့ စိတ်အစွဲ (Habit forming mindset) ပေါ့။ လူတွေဟာ အလေ့အထတွေနဲ့ လုပ်တတ်တဲ့သဘာဝရှိတယ်။ မိုးလင်းလာရင် အိမ်သာသွား မျက်နှာသစ်တာမျိုးကအစ အလေ့အကျင့်တွေဖြစ်နေတာကို တွေ့ရမယ်။ ဒါကြောင့် ဘုရင်ကြီးဟာလည်း မှားတာပဲပေါ့''

''ဒီလို mindset တွေကို ပြုပြင်လို့ရမလား''

''ရတော့ရတယ်။ မျိုးဆက်နှစ်ခုလောက်ကြာမှ သေသေချာချာ mindset ပြောင်းနိုင်တယ်လို့ဆိုတယ်။ ဥပမာ ကျွန်တော်တို့ရန်ကုန်မှာ အမှိုက်ပစ်တဲ့ပြဿနာပေါ့။ အမှိုက်ပစ်ရင် မလှမပဖြစ်တယ်၊ ရေမြောင်းပိတ်တယ်၊ ခြင်တွေလာတယ်၊ အန္တရာယ်တွေဖြစ်စေတယ်။ အများကြီးပဲ။ ဒါတွေကို လူတွေသိတယ်။ အကျင့်ပါနေတယ်''

''ဒါပေမဲ့ ရန်ကုန်ကလူတွေ စင်ကာပူရောက်ရင် ဒီလိုမပစ်တော့ဘူး''

''ပစ်တော့ပစ်တယ်။ မြန်မာတွေ ဒဏ်ရိုက်ခံထိတာတွေ အများကြီးရှိပါတယ်။ ခုတော့ မြန်မာတွေ စင်ကာပူသွားနေကြတာ ကြာနေပြီလေ''

''ဒီတော့ ဘုရင်လည်း သူ့ကိုယ်သူအပြစ်ပေးတာ ကျွန်တော်တို့က သင်ခန်းစာယူသင့်တာပေါ့''

''တကယ်တော့ ဘုရင်ကြီးဟာ ဒီလိုပြဿနာတွေဖြစ်လာရင် ဘယ်လိုလုပ်မယ်ဆိုတာကို ကြိုတွေးထားသင့်တယ်။ လက်ဖြတ်တာကတော့ ဘယ်သူ့အတွက်မှမကောင်းဘူးလေ''

''ကျွန်တော်ကတော့ နန်းတော်မှာဆိုရင် မှူးမတ်တွေနဲ့တိုင်ပင်ပြီး ဆုံးဖြတ်မှာပေါ့။ ဘုန်းကြီးကျောင်းတွေမှာ သဲဒဏ်ရေဒဏ်ပေးသလိုပေါ့။ ကုဋ္ဌိဆေးရတာမျိုးတွေရှိတယ်''

''ကျွန်တော်တို့ဆီ အကျင့်ပျက်အဂတိလိုက်စားတဲ့ကိစ္စတွေကို အရေးယူတာမျိုးကို သတိထားရမှာပဲ။ တကယ်တော့ FCA က ညွှန်ချုပ်ကိုအရေးယူတာမျိုးဟာ အထူးစဉ်းစားသင့်တာပေါ့။ အဓိကကတော့ သူ့ကို အရှက်ကွဲအောင် လက်ထိတ်ကြီးနဲ့ သတင်းတွေမှာဖော်ပြတာမျိုးတွေကို ဆင်ခြင်သင့်တယ်''

''ဒါမှ နောက်လူတွေမလုပ်ရဲဘူးပေါ့''

''မထင်နဲ့။ နောက်လူတွေဟာ သူတို့အလှည့်မရောက်လာအောင် ကာကွယ်ကြမှာပဲ။ သူတို့အချင်းချင်းသနားလာမယ်။ အချင်းချင်းဖုံးကြဖိကြမယ်။ နောက်ထပ်အကျင့်စာရိတ္တတွေ ပိုပျက်လာနိုင်ပါတယ်။ ဒါကြောင့်လည်း အဂတိလိုက်စားမှုဟာ ခုထက်ထိမပျောက်တာပဲမဟုတ်လား''

''ဒါကတော့ အရေးယူမှုလျော့နည်းလို့ပဲ''

''တရားဥပဒေစိုးမိုးတာတော့အမှန်ပဲ။ ကျွန်တော်တို့အားလုံးဟာ တရားဥပဒေအကာအကွယ်ရဖို့လိုတယ်။ ဒါပေမဲ့ အချိန်အကြာကြီး ဘာမှမလုပ်ဘဲ ရုတ်တရက်တစ်ယောက်တစ်လေကိုပဲ ဒီလိုလုပ်တယ်ဆိုတာကတော့ အဆင်မပြေနိုင်ဘူးလို့ထင်ပါတယ်။ ကျွန်တော်က ဒီလိုအရေးယူမှုကို ကန့်ကွက်တာမဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်လိုထိရောက်အောင် အရေးယူမလဲပေါ့။ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံတော်ရဲ့အလံတော်အောက်မှာရှိတယ်။ တရားမျှတတဲ့ ဥပဒေကိုလိုချင်တယ်။ ဒါမှလည်း အားလုံးချမ်းသာမယ်လို့ထင်တယ်''

''ခင်ဗျားဟာ ဒီလိုဆင်းရဲတဲ့နိုင်ငံမှာ ချမ်းသာမယ်လို့ယုံကြည်နေလား''

''ယုံတာပေါ့ဗျ။ **ကျွန်တော်တို့နိုင်ငံက သဘာဝသယံဇာတတွေအားလုံးဟာ ချမ်းသာစေနိုင်ပါတယ်၊ လူ့သယံဇာတတွေလည်း အဆင့်မြင့်ပါတယ်၊ ဒါပေမဲ့ ဒါတွေကို ဘယ်လိုအသုံးချရမယ် ဘာတွေလုပ်ရမယ်ဆိုတာကိုတော့ သိဖို့လိုတယ်၊** ကျွန်တော်တို့ဟာ သေချာပေါက်ချမ်းသာလာကြမှာပါ။ ဒီတော့ အင်မတန်လှပတဲ့ နယ်မြေကြီးမှာ လှပတဲ့ရပ်ရွာမှာ စိတ်ချမ်းမြေ့စွာနေရမယ့် အချိန်ကို မလွဲမသွေရောက်လာမှာပါ''

◆ ဒေါက်တာခင်မောင်ညို

www.free4readers.com



# ပုဂ္ဂလိကသို့လုပ်ကိုင်ခွင့်ပြုမည့် ကျောင်းကားပြေးဆွဲမှုကို တိုင်းဒေသကြီးအစိုးရမှ ပြန်လည်ထိန်းချုပ်ဆောင်ရွက်သွားမည်ဟုဆို



ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုမည့် **ကျောင်းကားပြေးဆွဲမှုကို တိုင်းဒေသကြီး အစိုးရက ပြန်လည်ထိန်းချုပ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း** ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးနှင့် ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA မှ မေလ ၁၈ ရက်တွင် သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းစနစ်ကျသောလုံခြုံစိတ်ချရသည့် ကျောင်းကားစနစ်ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရက ကိုရီးယားနိုင်ငံမှ ကျောင်းကားအစီး၂၀၀ ကို ကျပ် ၁၀ ဘီလျံကုန်ကျခံဝယ်ယူခဲ့ပြီးနောက် Royal Golden Hand ကုမ္ပဏီနှင့်ပူးပေါင်းတာဝန်ယူလုပ်ကိုင်သွားမည်ဟု ပြီးခဲ့သည့် မတ်လတွင် ထုတ်ပြန်ခဲ့သော်လည်း ယခု မေလဒုတိယအပတ်တွင်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့ကသာ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

''ဒီနှစ် ကျောင်းဖွင့်ရာသီကစပြီး ကျောင်းကားစနစ်စတင်နိုင်အောင်တော့ စီစဉ်နေကျပါတယ်။ **ပထမက ကုမ္ပဏီနဲ့ ပူးပေါင်းလုပ်ဖို့ သဘောတူခဲ့ပေမယ့် သူတို့ဘက်က အားနည်းချက်တွေရှိနေလို့ အတူမလုပ်ဖြစ်တော့တာပါပဲ။ အခုတော့ လောလောဆယ်တော့ အစိုးရကပဲ ကြီးကြပ်လုပ်ကိုင်သွားမှာပါ**''ဟု YRTA အတွင်းရေးမှူးက ဖြေကြားခဲ့သည်။

လက်ရှိ၌ ကျောင်းကားများတွင်ခန့်အပ်မောင်းနှင်မည့် ယာဉ်မောင်းများနှင့် ယာဉ်ကြီးကြပ်မှူးများအားခေါ်ယူထားရှိပြီး မေလစတုတ္ထအပတ်တွင် ခန့်အပ်ထားရှိသွားမည်ဖြစ်ကာ လခစားစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နေနွယ်(သတင်း၊ဓာတ်ပုံ)

# ARSA ပုံစံတစ်မျိုးဖြင့် ပြန်ပေါ်လာဖွယ်ရှိဟု နိုင်ငံတော်သမ္မတ၏ အကြံပေးဟောင်း သုံးသပ်

ရဲကင်းများကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည့် ARSA အဖွဲ့သည် **လက်ရှိတွင် ငြိမ်သက်နေသော်လည်း ပုံစံတစ်မျိုးဖြင့် ပြန်လည်ပေါ်ထွက်ဖွယ်ရာရှိကြောင်း** ယခင်အစိုးရလက်ထက် နိုင်ငံတော်သမ္မတ၏ အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သူ ဒေါက်တာနေဇင်လတ်က ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိတွင် ဂါဇာကမ်းမြှောင်ဒေသတွင် ပြဿနာဖြစ်နေပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် မဲခွဲခဲ့ရသည်အထိ အခြေအနေရှုပ်ထွေးနေကာ ARSA ထပ်မံပေါ်ပေါက်လာပါက ၎င်း၏ အကြမ်းဖက်မှုများပေါ်ပေါက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

''ဘယ်အချိန်လောက်မှဖြစ်မလဲဆိုရင် ရခိုင်ဒေသဘက် မောင်တောဘက်မှာ နည်းနည်းပူပူဆူဆူဖြစ်လာပြီပေါ့။ မငြိမ်မသက်ဖြစ်လာပြီဆိုရင် ပုံစံတစ်မျိုးနဲ့ **စမတိုက်ဘဲ ကာကွယ်တယ်ဆိုတဲ့ ပုံစံတစ်မျိုးနဲ့ဝင်လာနိုင်တယ်။ ပထမက စခန်းသုံးဆယ်ကို အလစ်ဝင်တိုက်သွားတယ်။ အဲဒီကစတယ်။ ဒါပေမဲ့ သူတို့ထွက်ပြေးတာကို ပုံကြီးချဲ့လိုက်တော့ သူတို့စတိုက်တာကို ဖျောက်ပစ်လိုက်တယ်။ အခု သူတို့က စတိုက်မယ်ဆိုရင် သူတို့တိုက်တာပေါ်တော့မယ်။ အခုကတော့ ပုံစံတစ်မျိုးပြောင်းမှာပေါ့။ ဘင်္ဂါလီတွေကို သူတို့ဘက်က ဝင်ကယ်တယ်ဆိုတဲ့သဘောမျိုးနဲ့ ပြန်လာလိမ့်မယ်။** ဒါမှ သူတို့ဘက်က အလွန်မဖြစ်တော့ဘူး။ အဲဒါကြောင့် ငြိမ်နေတာ''ဟု ဒေါက်တာနေဇင်လတ်ကဆိုသည်။

ပထမတစ်ကြိမ်တွင် ARSA အဖွဲ့အနေဖြင့် ကံကောင်း၍ လွတ်သွားခြင်းဖြစ်ပြီး အစိုးရအနေဖြင့်လည်း တုံ့ပြန်မှုအားနည်းခဲ့ကြောင်း၊ အကြမ်းဖက်အနေဖြင့် တံဆိပ်ကပ်ကာ တုံ့ပြန်မည်ဆိုပါက ပုံစံတစ်မျိုးဖြစ်လာနိုင်ဖွယ်ရာရှိကြောင်း ယင်းကဆိုသည်။

**လက်ရှိတွင် ARSA အဖွဲ့၏လှုပ်ရှားမှုမှာ လုံးဝငြိမ်သက်နေကာ အွန်လိုင်းတွင် ဝါဒဖြန့်မှုကို မတွေ့ရတော့သော်လည်း ပြည်ပရောက် ARSA ဖွဲ့စည်းရေးပြင်ဆင်နေကြောင်း** ထိုင်းနိုင်ငံအခြေစိုက် Thai PBS ၏ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ARSA အဖွဲ့ကို Facebook အသုံးပြုခွင့်ပိတ်ပင်ထားသည်ဟုဆိုသော်လည်း အဆိုပါအဖွဲ့သည် တွစ်တာစာမျက်နှာကတစ်ဆင့် အနောက်နိုင်ငံများသို့ အင်္ဂလိပ်ဘာသာဖြင့် ဝါဒဖြန့်နေခဲ့ခြင်းဖြစ်ကြောင်း** သိရသည်။

**ထက်အောင်ဖြိုး**

# နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးအဖြေရှာသွားမည်ဖြစ်ကြောင်း KNU ထုတ်ပြန်

ကရင်အမျိုးသားအစည်းအရုံး **(KNU) အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးအဖြေရှာသွားမည်ဖြစ်သည့်, မူရပ်တည်ချက်အတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ** တည်ဆောက်သွားမည်ဖြစ်ကြောင်း မေလ ၁၈ ရက်ကထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်မေလ ၁၇ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အလွတ်သဘောတွေ့ဆုံစဉ် **တပ်မတော်ဘက်မှ ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းရှိ ခေးပူနှင့် လွယ်မူပလောလမ်းကြောင်းကို ပြုပြင်ဆောင်ရွက်နေမှုကို ယာယီရပ်ဆိုင်းပေးရန် သဘောတူညီခဲ့ကြကြောင်း** ထုတ်ပြန်ထားသည်။

ထို့ပြင် ကားလမ်းဖောက်လုပ်ရာတွင် လုံခြုံရေးတာဝန်ယူနေကြသည့် တပ်များကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ထိုဒေသရှိ ထွက်ပြေးတိမ်းရှောင်နေကြသော ပြည်တွင်းနေရပ်စွန့်ခွာရှောင်တိမ်းနေသူ ပြည်သူလူထုများအား တပ်မတော်မှ အနှောင့်အယှက်ပေးမည်မဟုတ်ဘဲ မိမိတို့၏ လုပ်ကိုင်စားသောက်ရာနေရပ်ရင်းကျေးရွာများသို့ အေးချမ်းစွာ ပြန်လည်အခြေချနေထိုင်သွားနိုင်ရေးကို သဘောတူလက်ခံခဲ့ကြကြောင်း ထုတ်ပြန်ထားသည်။

ခေးပူ-လွယ်မူပလော လမ်းကြောင်း ပြုပြင်ဆောင်ရွက်နေမှုကို **ကရင်အမျိုးသားအစည်းအရုံး(KNU)၏ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် တပ်မတော်မှ နားလည်မှုရှိစွာဖြင့် ယာယီရပ်ဆိုင်းပေးထားမည်ဖြစ်ပြီး** အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နိုင်ပြီး လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်ကြောင်း ဆွေးနွေးသဘောတူညီမှုရရှိခဲ့ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ထားသည်။

မျိုးကျော်စိုး




အင်္ဂါနေ့(၂၂-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - အဖြူရောင်၊ အစိမ်းရောင်၊ ငွေရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ နှင်းဆီ ၂ ခွက် ကပ်လှူပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၇ ဂဏန်း၊ ၉ ဂဏန်းနဲ့ ၀ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - ခဲတံပေါ်မှာ နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ ပျော်ပွဲရွှင်ပွဲတွေ ကြုံရတတ်တဲ့နေ့ပါပဲ။

ဗုဒ္ဓဟူးနေ့(၂၃-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - အနီရောင်၊ ခရမ်းရောင်၊ ကြက်သွေးရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ ပေါင်မုန့် ၅ ချပ် ကပ်လှူပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၁ ဂဏန်း၊ ၅ ဂဏန်းနဲ့ ၇ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - ဖုန်းငွေဖြည့်ကတ်ကိုကြည့်ပြီး နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ ဆုရမဲပေါက်သလို ကံထူးတတ်တဲ့နေ့ပါပဲ။

ကြာသပတေးနေ့(၂၄-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - အဖြူရောင်၊ အဝါရောင်၊ ရွှေရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီး ၁၂ ပတ်စိပ်ပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၁ ဂဏန်း၊ ၇ ဂဏန်းနဲ့ ၅ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - ပုလင်းပေါ်မှာ နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ သူတစ်ပါးတွေအတွက် အချိန်ကုန်ရတတ်တဲ့နေ့ပါပဲ။

သောကြာနေ့(၂၅-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - အဖြူရောင်၊ ငွေရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ညောင်ပင်မှာ သန့်ရှင်းရေးကုသိုလ် ပြုလုပ်ပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၁ ဂဏန်း၊ ၅ ဂဏန်းနဲ့ ၄ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - စာအုပ်အဖုံးမှာ နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ မရေမရာတွေ များတတ်တဲ့နေ့ပါပဲ။

စနေနေ့(၂၆-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - အပြာရောင်၊ ပန်းရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ကြီးကဲသူတွေကို ဆေးဝါးလှူပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၃ ဂဏန်း၊ ၆ ဂဏန်းနဲ့ ၈ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - ဆပ်ပြာခဲကို နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ မကောင်းသတင်းကြားရတတ်တဲ့နေ့ပါပဲ။

တနင်္ဂနွေနေ့(၂၇-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - အစိမ်းရောင်၊ အဖြူရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ အအေးဖျော်ရည် ကပ်လှူပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၇ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၅ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - အိုးတစ်လုံးကို နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ အတိုက်အခံတွေ များတတ်တဲ့နေ့ပါပဲ။

တနင်္လာနေ့(၂၈-၅-၂၀၁၈)

**ကံကောင်းစေမယ့်အရောင်** - ခရမ်းရင့်ရောင်၊ အနက်ရောင်

**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ ရွှေရင်အေး ဆွမ်းတော်ကပ်လှူပါ။

**ကံကောင်းစေမယ့်ဂဏန်း** - ၇ ဂဏန်း၊ ၈ ဂဏန်းနဲ့ ၅ ဂဏန်းတွေကိုအားပြုပါ။

**ကံကောင်းနိမိတ်** - ရေပုလင်းပေါ်မှာ နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ ငွေဟောင်း ပစ္စည်းဟောင်း ပြန်ရတတ်တဲ့နေ့ပါပဲ။

သဗ္ဗေမွှာ
ဇင်ယော်နီ

ပြည်မြန်မာ

CARTOON



www.free4readers.com



# ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်ကို ခရီးသွားများအားဆွဲဆောင်နိုင်ရန် အဆင့်မြှင့်မည်



ကယားပြည်နယ်၊ **လွိုင်ကော်မြို့ နောင်ယား ရပ်ကွက်၊ နောင်ယားကန်ဘေးရှိ ပြည်နယ်အစိုးရပိုင် ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်ကို အဆင့်မြှင့် တင်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း** လွိုင်ကော်မြို့နယ်စည်ပင်သာယာရေး ကော်မတီမှမေလ ၁၈ ရက်တွင် သိရသည်။

ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်သည် ပြည်နယ်ရှိ အထင်ကရ နေရာများ၊ တိုင်းရင်းသားများ၏ ရိုးရာအိမ်များ၊ ဝတ်စားဆင်ယင်မှုပုံစံများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ တစ်နေရာတည်းတွင် လေ့လာနိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များအတွက် ဒေသန္တရ ဗဟုသုတများ ရရှိနိုင်ရန် ရည်ရွယ် တည်ထောင်ထားသော ဥယျာဉ်တစ်ခုဖြစ်သော်လည်း ယခုအခါပြသထားသော အထင်ကရပုံစံငယ်များ၊ တိုင်းရင်းသားနေအိမ်များနှင့် တိုင်းရင်းသားဝတ်စားဆင်ယင်မှု သရုပ်ဖော်ပုံများသည် ဟောင်းနွမ်းဆွေးမြေ့နေခြင်းများကြောင့် အဆင့်မြှင့်တင်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ "ပြည်နယ် အထိမ်းအမှတ်ဥယျာဉ်ဆိုတဲ့အတိုင်း အဆင့်မီမီ တင့်တယ်လှပ စေလိုပါတယ်။ ဒါကြောင့်အထိမ်းအမှတ် ဥယျာဉ်ကို လာရောက် အပန်းဖြေလေ့လာကြည့်ရှုလိုတဲ့ ပုံစံမျိုးဖြစ်အောင် ပြန်လည်ပြုပြင်မွမ်းမံသွားမှာပါ။ ပြင်ဆင်ခြင်း လုပ်ငန်းတွေကိုလည်း **ခြောက်လအတွင်း အပြီးဆောင်ရွက်ဖို့ရှိပါတယ်**"ဟု ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှတာဝန်ရှိ သူတစ်ဦးကပြောသည်။

ပြည်နယ် အထိမ်းအမှတ်ဥယျာဉ် အဆင့်မြှင့် တင်မှုများဆောင်ရွက်ခြင်းကို လက်ရှိ ငှားရမ်း လုပ်ကိုင်ခွင့်ပြုထားသော ကောင်းစစ်ပိုင်ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကာ **ကလေးများအတွက် အပန်းဖြေကစားစရာနည်းအသစ်များထပ်မံထည့်သွင်းသွားမည်ဖြစ်ကြောင်း** သိရသည်။ ထို့ပြင် ကယားပြည်နယ်တွင် ခရီးသွားကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် ပြည်နယ်အထင်ကရ နေရာများ ယခင်ထက်ပိုမို သက်ဝင် စည်ကားစေရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကာ လက်ရှိဖွင့်လှစ်လျက်ရှိသော **ညဈေးတန်းမှကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်အထိ နောင်ယားကန်တစ်လျှောက် စည်ကားလာစေရေး** ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ရှိန်းဝင်းထိုက်(သတင်းဓာတ်ပုံ)**






# မြိတ်ကျွန်းစုသို့ ခရီးသွားလာသူ များလာသောကြောင့် ကျွန်းသစ်များတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားသူများရှိဟု ဆို



တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုသို့ ခရီးသွားဝင်ရောက်သူများလာသောကြောင့် **ကျွန်းသစ်များတွင် ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်းရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် လျှောက်ထားသူများရှိနေကြောင်း** ကော့သောင်းမြို့ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအာကာထွန်းက မေလ ၁၈ ရက်တွင်ပြောသည်။

ခရီးသွားဝင်ရောက်မှုအနေဖြင့် **၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဦးရေ ၃၂၆၀၀၀ ကျော်ဝင်ရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် လက်ရှိချိန်ထိ နိုင်ငံခြားခရီးသွားဦးရေ ၃၄၀၀၀၀ ကျော် ဝင်ရောက်နေပြီဖြစ်သောကြောင့်** ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် စိတ်ဝင်စားမှုများနေကြောင်း သိရသည်။ "ခရီးသွားလုပ်ငန်းအတွက် MIC ခွင့်ပြုထားတာက ၁၁ ကျွန်းရှိ**တယ်။** အသစ်တွေလျှောက်နေတာတွေလည်းရှိပါတယ်။ **ကော့သောင်းမှာဆိုရင် ဟိုတယ်အသစ်ခြောက်လုံးကိုလည်း တည်ဆောက်နေပါတယ်။** ခရီးသွားလုပ်ငန်းနဲ့ပတ်သက်လို့ နေရာသစ်တွေ လည်ပတ်စရာတွေတိုးဖို့ မြို့ပေါ်မှာရော ကျွန်းပေါ်မှာပါလေ့လာမှုတွေလုပ်နေပါတယ်" ဟု ၎င်းကပြောသည်။

ကော့သောင်းမြို့တွင် အပန်းဖြေလုပ်ငန်း ရင်းနှီးမြှုပ်နှံလိုသူများနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဟိုတယ်တည်ဆောက်မှုပိုင်းတွင် **အထပ်မြင့်များကို တည်ဆောက်ခွင့်ပြုတော့မည်မဟုတ်ဘဲ ဘန်ဂလိုပုံစံများကိုသာတည်ဆောက်ရန်** ညွှန်ကြားထားကြောင်း သိရသည်။ "သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်ကန့်သတ်လိုက်တာပါ။စွန့်ပစ်ရေတွေကအစ ညစ်ညမ်းမှုမရှိအောင်လုပ်ရမှာပါ။ ဒါကလည်း ကော့သောင်းမြို့အတွက်ပါ။ တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးမဟုတ်ပါဘူး။ နောက်တစ်ခုက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ဘယ်လိုအပိုင်းတွေကိုဖြေလျှော့ပေးရမယ်ဆိုတာကိုလည်း ဆွေးနွေးနေပါတယ်" ဟု ၎င်းကထပ်မံပြောသည်။

တနင်္သာရီတိုင်းဒေသကြီး **မြိတ်ကျွန်းစုတွင် ကျွန်းကြီးကျွန်းငယ်ပေါင်း ၈၀၀ ကျော်ပြီး ဟိုတယ်အနေဖြင့် ၃၉ လုံး အခန်းပေါင်း ၁၅၀၀ ခန့်ရှိကြောင်း** သိရသည်။

**ရှိန်းဝင်းထိုက်**

**(ဓာတ်ပုံ-Pyiet Oo Aung)**

www.free4readers.com



## အလေးချိန် ပေါင် ၁၆၀ ကျော်သည့် ဘီစကစ်မုန့် ကမ္ဘာ့စံချိန်တင်



နာမည်ကျော် Oreo ဘီစကစ်မုန့်ပုံစံ ဖန်တီးထားတဲ့ **ဘာရိန်းနိုင်ငံမှ ဘီစကစ်မုန့်ကြီးက အလေးချိန် ၁၆၁ ပေါင် ၁၃ အောင်စနဲ့ ကမ္ဘာ့အကြီးဆုံးဘီစကစ်မုန့်ကြီးအဖြစ်** ဂင်းနက်စ်စံချိန်တင်ထားခဲ့ပါတယ်။ Mondelēz Bahrain Biscuits W.L.L. ရဲ့ ဝန်ထမ်းတွေက ဧရာမဘီစကစ်မုန့်ကြီးကို ပြုလုပ်ထားခဲ့တာဖြစ်ပါတယ်။ သာမန် Oreo ဘီစကစ်မုန့်တစ်ခုက ၁၁ဒသမ၃ဂရမ်သာရှိပြီး ယခုစံချိန်တင်လိုက်တဲ့ဧရာမ Oreo ဘီစကစ်မုန့်ကြီးကတော့ သာမန်ဘီစကစ်မုန့်ထက် အဆပေါင်း ၆၄၉၅ ဆ ပိုကြီးမားနေခဲ့တာဖြစ်ပါတယ်။ ယခင်က အကြီးဆုံး Oreo ဘီစကစ်မုန့်ကြီးအဖြစ် နယ်သာလန်နိုင်ငံက Hoppe Food Group & Midden Brabant Collegeက ဘီစကစ်က ၆၂ ပေါင် ၄ အောင်စနဲ့ စံချိန်တင်ထားခဲ့တာဖြစ်ပြီး ယခုဘာရိန်းက ဧရာမဘီစကစ်မုန့်ချပ်ကြီးက စံချိန်ချိုးခဲ့တာဖြစ်ပါတယ်။ အရသာက တကယ့် Oreo ဘီစကစ်အရသာအတိုင်းပဲဖြစ်ပြီး စံချိန်တင်အပြီးမှာ Mondelez Bahrain Biscuits W.L.L. ရဲ့ **ဝန်ထမ်းတွေနဲ့ပွဲကို တက်ရောက်အားပေးခဲ့တဲ့ပရိသတ် ၁၅၀ ဦးကို ဒီဘီစကစ်မုန့်နဲ့မျှဝေကျွေးမွေးသွားခဲ့ပါတယ်၊**

**(GWR, 18.5.18)သံသာ**

## တရုတ်စာသင်ကျောင်းတွင် စာသင်သားများ၏အခြေအနေကို စောင့်ကြည့်ရန် မျက်နှာဖတ်သည့်ကင်မရာများ တပ်ဆင်ထား



တရုတ်ကျောင်းသူကျောင်းသားတွေ စာသင်ခန်းထဲမှာ ငိုက်မျဉ်းဖို့ကို အတော်လေးခက်ခဲတော့မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံ၊ ကြက်ကျန်းပြည်နယ်၊ ဟန်ကျိုး အမှတ် ၁၁ အထက်တန်းကျောင်းမှာ စမတ်စာသင်ခန်းတွေအဖြစ် စတင်ပြောင်းလဲခဲ့ပြီး စာသင်ခန်းထဲမှာ ကျောင်းသူ**ကျောင်းသားတွေရဲ့ သင်ကြားနေထိုင်မှုပုံစံတွေကို မျက်နှာဖတ်တဲ့ကင်မရာစက်တွေနဲ့ ရိုက်ကူးမှတ်တမ်းတင်ထားတော့မှာဖြစ်ပါတယ်**။ စောင့်ကြည့်ကင်မရာတွေကို အတန်းရဲ့ရှေ့ဆုံးမှာ တပ်ဆင်ထားပြီး သင်ခန်းစာပို့ချနေချိန်မှာ **ဘယ်ကျောင်းသားက စိတ်ပါဝင်စားမှုရှိနေလဲ၊ ဘယ်ကျောင်းသားက တွေဝေနေလဲဆိုတာတွေကို မှတ်တမ်းယူထားတော့မှာဖြစ်ပါတယ်၊** စာသင်ခန်းထဲက ကျောင်းသူကျောင်းသားတွေရဲ့အခြေအနေကို ပုံစံခြောက်မျိုးခွဲခြားထားပြီး သင်ကြားပို့ချသူတွေက ကျောင်းသားတစ်ဦးချင်းစီရဲ့ အခြေအနေတွေကို အသေးစိတ်ပြန်လည်ကြည့်ရှုကာ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ **စာဖတ်ခြင်း၊ စာရေးခြင်း၊ နားစိုက်ထောင်ခြင်း၊ မတ်တတ်ရပ်ခြင်း၊ လက်ထောင်ခြင်း၊ စားပွဲမှာအိပ်ပျော်နေခြင်းဆိုပြီး မှတ်တမ်းအမျိုးအစားခြောက်မျိုးရှိပြီး ကျောင်းဆရာတွေအနေနဲ့ စာသင်နှစ်ပြီးဆုံးတဲ့အခါ ကျောင်းသားတစ်ဦးချင်းစီရဲ့အခြေအနေတွေကို အသေးစိတ်အစီရင်ခံနိုင်မှာဖြစ်ပါတယ်၊** ဒီစနစ်က ဆရာတွေနဲ့ ကျောင်းသားတွေကြားမှာ မလိုလားအပ်တဲ့ဖိအားတွေ မဖြစ်စေဘဲ သင်ကြားရေးမှာလည်း အပြည့်အဝအထောက်အကူဖြစ်စေမယ်လို့ ကျောင်းရဲ့လက်ထောက်ညွှန်ကြားရေးမှူး ယုံဝမ်ကျွင့်က ဆိုပါတယ်။ တရုတ်နိုင်ငံမှာ မျက်နှာဖတ်တဲ့ကင်မရာတွေနဲ့ စောင့်ကြည့်တဲ့စနစ်တွေကို ၂၀၁၅ ခုနှစ်မှာ စတင်အသုံးတွင်ကျယ်လာခဲ့ပြီး **အများစုက ရာဇဝတ်မှုနှိမ်နင်းရေးအတွက် အသုံးပြုခဲ့တာဖြစ်ပေမယ့် ယခုအခါမှာတော့ ပညာသင်ကြားရေးစနစ်ထိပါ အကျိုးပြုဖို့ အသုံးချလာနိုင်ခဲ့တာ**ဖြစ်ပါတယ်။

**(DM, 18.5.18) သံသာ**

## ကင်ဂျုံအနက မြောက်ကိုရီးယားနိုင်ငံ၏အကြီးဆုံး ရှေးဟောင်းဘုရားကျောင်းကို ရှာဖွေတွေ့ရှိကြောင်းဝမ်းမြောက်ဝမ်းသာ ဆို



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအနက နိုင်ငံ၏အကြီးဆုံးရှေးဟောင်းဘုရားကျောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဝမ်းမြောက်ဝမ်းသာကြေညာခဲ့သည်ဟု သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏တောင်ပိုင်းရှိ ကန်ဝန်ပြည်နယ်မှ ပန်ယိုစီရင်စုတွင် ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရတနာများလည်းရရှိခဲ့သည်။ မြောက်ကိုရီးယားရှေးဟောင်းသုတေသနအဖွဲ့က ၎င်းတို့တွေ့ရှိခဲ့သည့် **ရှေးဟောင်းဘုရားကျောင်းသည် Koryo ခေတ်ကာလ ၁၁ ရာစုခန့်ကဖြစ်သည်**ဟု ဆိုသည်။ ဘုရားကျောင်းသည် **အရှည် ၁၇၁ ပေနှင့်အကျယ် ၃၉ ပေရှိသည့်အတွက် ထိုခေတ်ကာလက အကြီးဆုံးဘုရားကျောင်းဟုယူဆရသည်၊ သုတေသီများက ဆက်လက်တူးဖော်မှုများပြုလုပ်နေပြီး** အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များပြည့်နှက်နေသည့် ရှေးဟောင်းသမိုင်းဝင်နေရာများကိုထပ်မံတွေ့ရှိလိမ့်ဦးမည်ဟုယူဆရကြောင်း ဆိုထားသည်။ **ယခုရှာဖွေတွေ့ရှိမှုသည် Koryo ခေတ်ကာလအတွင်းက စည်းလုံးညီညွတ်သည့် ကိုရီးယားနိုင်ငံ၏ သမိုင်းကြောင်းအတွက် အလွန်အရေးပါသည်ဟု မြောက်ကိုရီးယားက ဆိုသည်၊** တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားကြားဆက်ဆံရေးပျော့ပျောင်းလာချိန်နှင့်တိုက်ဆိုင်စွာ ရှေးဟောင်းဘုရားကျောင်းကိုရှာဖွေတွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။ ဘုရားကျောင်းပျက်ကြီးသည် အရှေ့ဘက်နှင့်အနောက်ဘက်ကို ပိုင်းခြားထားပြီး လျှောက်လမ်းတစ်ခုနှင့် ဆက်သွယ်ထားသည်။ ကြွေဖွန်းများ၊ အမျိုးမျိုးပုံဖော်ထားသည့်ကျောက်ပြားများအပါအဝင် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းပေါင်းများစွာကိုလည်း တွေ့ရှိခဲ့သည်။ **ကိုရီးယားစစ်ပွဲအတွင်း အမေရိကန်၏ဗုံးကြဲမှုကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာပျက်စီးခဲ့ရသည်ဟု မြောက်ကိုရီးယား၏ကင်မ်သားစုကဆိုထားသည်၊** ထိုစဉ်က နှစ်ပေါင်း ၁၅၀၀ ကျော်သက်တမ်းရှိပြီး ခံ့ညားဝင့်ထည်သည့်အလှအပကြောင့်နာမည်ကျော်ကြားသော Yong-myong ဘုရားကျောင်းလည်း ပျက်စီးခဲ့ရသည်။ **နောက်ပိုင်းတွင် ဘုရားကျောင်း၏တစ်စိတ်တစ်ပိုင်းကို မြောက်ကိုရီးယားက ပြန်လည်တည်ဆောက်ခဲ့ပြီး** Pubyok Pavilion ဟုအမည်ပေးကာ နိုင်ငံ၏ အမျိုးသားအမွေအနှစ်တစ်ခုအဖြစ်သတ်မှတ်ထားကြောင်းသိရသည်။

**(DM,18.5.18) အေးယုနိုင်**

## လူပုလေးများနေထိုင်ခဲ့သည့် အီရန်နိုင်ငံမှ လူပုလေးများကျေးရွာ



အာဖဂန်နစ္စတန်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ အီရန်နိုင်ငံတောင်ပိုင်း၊ ခိုရာဆန်ပြည်နယ်မှာ **ရာစုနှစ်တစ်စုအလွန်ခန့်က လူပုလေးတွေနေထိုင်ခဲ့တဲ့ လူပုလေးများကျေးရွာတစ်ရွာ**ရှိပါတယ်။ မာခူနစ်ကျေးရွာလို့အမည်ရပြီး ကျေးရွာတစ်ခုလုံးမှာ တည်ဆောက်ထားခဲ့တဲ့ ကျောက် တုံးနဲ့ရွှံ့စေး**အိမ်လေးတွေရဲ့ အမြင့်က ၄ပေခွဲခန့်သာရှိတာဖြစ်ပါတယ်၊** အိမ်ခြေစုစုပေါင်း ၂၀၀ခန့်ရှိပြီး ယနေ့ချိန်မှာသွားရောက်လည်ပတ်ကြည့်ရှုနိုင်တဲ့ နေရာတစ်နေရာဖြစ်လာခဲ့ပါတယ်။ မာခူနစ်ကျေးရွာလေးမှာ **ဆွေမျိုးနီးစပ်သူတွေ လက်ထပ်ထိမ်းမြားခဲ့ကြပြီး အစာရေစာရှားပါးပြီး သောက်သုံးရေကလည်း ပြဒါးအဆိပ်တွေပါရှိနေခဲ့တာကြောင့်** နေထိုင်တဲ့ရွာသူရွာသားတွေက လူပုလေးတွေဖြစ်နေခဲ့တာလို့သိရပါတယ်။ ရွာသားတွေအကုန်လုံးနီးပါးက လူပုလေးတွေဖြစ်နေခဲ့တာကြောင့် အိမ်တွေကလည်း နိမ့်နိမ့်လေးတွေဖြစ်ပြီး လမ်းတွေကလည်း ကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ မြို့အတွက် အစာရေစာထောက်ပံ့မှုတွေအားလုံးကို သယ်ယူတဲ့အခါမှာလည်း လက်ဆင့်ကမ်းတဲ့နည်းနဲ့သယ်ယူခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။ ၂၀ရာစုအလယ်ပိုင်းလောက်မှာ ကျေးရွာရဲ့**လမ်းတချို့ကို ချဲ့ထွင်ပြင်ဆင်ထားခဲ့ပြီး အစာရေစာထောက်ပံ့မှုအတွက်ကြိုးပမ်းနိုင်ခဲ့တာကြောင့် လူပုလေးတွေကနေ သာမန်အရပ်အမောင်းနဲ့သားသမီးတွေကိုမွေးဖွားနိုင်ခဲ့ပြီး** လူပုလေးကျေးရွာရဲ့ အဖြစ်ဆိုးကိုဖယ်ရှားနိုင်ခဲ့တာဖြစ်ပါတယ်။ မျိုးဆက်သစ်တွေက **နေရပ်စွန့်ခွာပြီး နီးစပ်ရာမြို့ရွာတွေမှာ အခြေချနေထိုင်ကြတာကြောင့် လက်ရှိမှာ အဘိုးအဘွားလူပုလေးတွေသာ ဆက်လက်နေထိုင်လျက်ရှိပြီး** ခရီးသွားတွေ လာရောက်လည်ပတ်လေ့လာနေကြတယ်လို့ သိရပါတယ်။

**(AP, 18.5.18) သံသာ**

## ၁၅ ပေ ၉ လက်မရှိသည့် ကမ္ဘာ့အမြင့်ဆုံး ဦးထုပ်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် တမ်ပါမြို့မှ အော်ဒီလွန်အိုဇရီဆိုသူက **၁၅ ပေ ၉ လက်မမြင့်တဲ့ ဦးထုပ်ကိုဖန်တီးခဲ့ပြီး ကမ္ဘာ့အမြင့်ဆုံးဦးထုပ်အဖြစ်** စံချိန်တင်ခဲ့ပါတယ်။ အသက် ၄၀ အရွယ် အော်ဒီလွန်အိုဇရီက ဦးထုပ်တွေကို နှစ်ခြိုက်သူဖြစ်ပြီး ဆန်းပြားတဲ့ဦးထုပ်တွေကို ဖန်တီးထုတ်လုပ်နေတတ်သူလည်းဖြစ်ပါတယ်။ ဦးထုပ်တွေက ဦးခေါင်းမှာ ဆောင်းလိုက်တဲ့အခါ ဆောင်းသူအတွက် ကောင်းမွန်တဲ့ခံစားချက်တွေဖြစ်ပေါ်လာစေပြီး **ဦးထုပ်က ပိုပြီးမြင့်မားလေ ဆောင်းရသူမှာ ပိုပြီးယုံကြည်ချက်ရှိလေဖြစ်တယ်လို့** အော်ဒီလွန်က ဆိုပါတယ်။ အဘွားဖြစ်သူထံမှ ဦးထုပ်ချုပ်လုပ်နည်းကို အမွေရခဲ့ပြီး သူကိုယ်တိုင်ကလည်း စိတ်ပါဝင်စားလာခဲ့တာကြောင့် ဦးထုပ်တွေချုပ်လုပ်ဖြစ်ခဲ့တာလို့ အော်ဒီလွန်က ဆိုပါတယ်။ ငယ်စဉ်ကတည်းက ကမ္ဘာ့စံချိန်တင်နိုင်သူတစ်ဦးဖြစ်လာဖို့ စိတ်ကူးယဉ်ခဲ့တာဖြစ်ပြီး သူတတ်ကျွမ်းတဲ့ ဦးထုပ်ချုပ်တဲ့စွမ်းရည်နဲ့ ခုလိုအံ့မခန်းဖွယ် မြင့်မားတဲ့ဦးထုပ်ရှည်ကြီးကို ဖန်တီးဖြစ်ခဲ့တာလို့ အော်ဒီလွန်က ဆိုပါတယ်။ စံချိန်တင်မှုကြိုးစားချိန်မှာ **အော်ဒီလွန်က သူ့ရဲ့ ၁၅ ပေကျော်မြင့်မားတဲ့ဦးထုပ်ကြီးကို ခေါင်းမှာဆောင်းပြပြီး လမ်းလျှောက်ပြခဲ့ရကာ ဦးထုပ်မပြိုလဲခဲ့တာကြောင့်** စံချိန်တင်နိုင်ခဲ့တာလို့ သိရပါတယ်။ ကမ္ဘာ့စံချိန်တင်နိုင်ခဲ့တဲ့ အော်ဒီလွန်ရဲ့ ဧရာမဦးထုပ်ကြီးကို တမ်ပါမြို့က အယ်လာ ကော်ဖီဆိုင်မှာ အများပြည်သူ လေ့လာနိုင်ဖို့ပြသထားတယ်လို့သိရပါတယ်။



**(GWR, 18.5.18) သံသာ**

www.free4readers.com



## ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စီရော်နယ်ဒိုနှင့် မက်ဆီတို့ကို ခေါင်းဖြတ်သတ်ပစ်မည်ဟု IS တို့ ခြိမ်းခြောက်




ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို ရုရှားနိုင်ငံတွင်ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲကျင်းပချိန်တွင် IS အကြမ်းဖက်တို့က တိုက်ခိုက်အကြမ်းဖက်မှုများပြုလုပ်သွားမည်ဟု ခြိမ်းခြောက်သည့်အနေဖြင့် ဘောလုံးကွင်းထဲတွင် IS အကြမ်းဖက်တို့က ဘောလုံးအကျော်အမော်များဖြစ်ကြသည့် **စီရော်နယ်ဒိုနှင့် မက်ဆီတို့ကို ခေါင်းဖြတ်သတ်မည့်ဟန်ဓာတ်ပုံများ ဖန်တီးထုတ်ဝေကာ** ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။ စီရော်နယ်ဒိုနှင့်မက်ဆီတို့ကို မျက်နှာဖုံးဝတ် IS တိုက်ခိုက်ရေးသမားများက ဖမ်းဆီးကာ မြက်ခင်းပြင်ပေါ်တွင် မှောက်လျက်သားနေစေပြီး လည်လှီးသတ်နေသည့် ဓာတ်ပုံကိုဖန်တီးကာ IS တို့က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဆိုက်ဘာထောက်လှမ်းအဖွဲ့ဖြစ်သည့် Sixgill က IS တို့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခြိမ်းခြောက်ထားသည့် အဆိုပါဓာတ်ပုံကို ဖော်ပြပေးထားခဲ့ခြင်းဖြစ်သည်။ ဇွန်လ ၁၄ ရက်တွင် စတင်တော့မည်ဖြစ်သည့် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် အကြမ်းဖက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း IS တို့က မကြာခဏခြိမ်းခြောက်နေခဲ့ခြင်းဖြစ်သည်။ ခြိမ်းခြောက်မှုများနှင့် **ကမ္ဘာ့ဖလားပြိုင်ပွဲကို ဖျက်ဆီးရန် ကြံရွယ်နေကြသည့် IS အကြမ်းဖက်များကို ရုရှားအာဏာပိုင်များကလည်း အဆက်မပြတ်ရှာဖွေဖော်ထုတ်နှိမ်နင်းမှုများပြုလုပ်လျက်ရှိကာ ပြီးခဲ့သည့် ဧပြီလတွင်လည်း IS အကြမ်းဖက်အဖွဲ့ဝင် ၂၀ ဦးကို ရုရှားအာဏာပိုင်များ ဖမ်းဆီးမိခဲ့ကြောင်း** သိရသည်။ ယခင်ကလည်း IS တို့က ကမ္ဘာ့ဖလားအမှတ်တံဆိပ်ပုံဖြင့် ၎င်းတို့အဆိုပါ ပြိုင်ပွဲကျင်းပရာသို့ ရောက်လာမည်ဖြစ်ပြီး အခြားသော IS အဖွဲ့ဝင်ဖြစ်လိုသူများအနေဖြင့်လည်း သေနတ်များ၊ ဓားများနှင့် ဗုံးများအသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ကြရန် IS အဖွဲ့ကတိုက်တွန်းထားသည့် လှုံ့ဆော်မှုများလည်း ထွက်ပေါ်ခဲ့ဖူးသည်။

(DS, 18.5.18) သံသာ

## ရောဂါသည်းနေသည့်မိခင်က ဆယ်ကျော်သက်သားငယ်ကို စိတ်မချသဖြင့် အသက် ၃၀ ကျော်အမျိုးသမီးနှင့် ပေးစားခဲ့



အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ကိုသလန်ကျေးရွာက နာမကျန်းဖြစ်နေပြီး **ရောဂါသည်းနေပြီဖြစ်တဲ့ မိခင်က သားသမီးအငယ်တွေကို အရက်သမားဖခင်နဲ့ချန်ရစ်ထားခဲ့ဖို့ စိတ်မချဖြစ်ခဲ့တာကြောင့် အကြီးဆုံးသားဖြစ်သူ အသက် ၁၃ နှစ်အရွယ်ကို အသက် ၃၀ အရွယ်အမျိုးသမီးနဲ့ မသေခင်လေးမှာ လက်ဆက်ပေးသွားဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ကျေးရွာလေးမှာ လျှို့ဝှက်စွာလက်ထပ်ထိမ်းမြားပေးခဲ့တာဖြစ်ပြီး** ဒီအမျိုးသမီးက သူ့ရဲ့သားကို ဇနီးအဖြစ် ပြုစုစောင့်ရှောက်ကျွေးမွေးပေးပြီး မောင်နှမတွေကိုလည်း မိခင်သဖွယ်စောင့်ရှောက်ပေးလိမ့်မယ်လို့ ယူဆခဲ့တာဖြစ်ပါတယ်။ မွေးမြူရေးခြံမှာ အလုပ်လုပ်နေတဲ့ သားဖြစ်သူအတွက် နောင်ရေးစိတ်ချစေဖို့အတွက် **အရွယ်လွန်နေပေမယ့် အိမ်ထောင်မကျသေးတဲ့** အမျိုးသမီးဖြစ်သူနဲ့ အိမ်ထောင်ပြုဖို့ ကမ်းလှမ်းလာချိန်မှာ လက်ထပ်ထိမ်း မြားပေးခဲ့တာဖြစ်ပါတယ်။ အသက်မပြည့်သေးဘဲ မင်္ဂလာဆောင်နှင်းခဲ့ကြတဲ့ အမည်မဖော်ပြတဲ့ ဒီသတို့သားလောင်းနဲ့ အရွယ်လွန်သတို့သမီးတို့သတင်းကို ဒေသခံမီဒီယာတွေက ဖော်ပြခဲ့ချိန်မှာ ဒေသခံရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူဖို့ လိုက်လံရှာဖွေနေကြတာကြောင့် ဒီဇနီးမောင်နှံစုံတွဲက နေရပ်ကနေထွက်ပြေးတိမ်းရှောင်နေရတယ်လို့လည်း သိရပါတယ်။ **အိန္ဒိယနိုင်ငံမှာ ကလေးတွေကို ငယ်စဉ်ကတည်းက လက်ထပ်ထိမ်းမြားပေးလေ့ရှိပြီး အသက် ၃၀ ဝန်းကျင်အရွယ်အမျိုးသမီးက အိမ်ထောင်မကျသေးဘူးဆိုရင် အိမ်ထောင်ပြုဖို့အရွယ်နောင်းသူအဖြစ် သတ်မှတ်ခံကြရတယ်လို့သိရပါတယ်။**

(Mirror, 18.5.18) သံသာ

## ကြိုးမဲ့စနစ်ဖြင့် ပထမဆုံးပျံသန်းနိုင်သည့် စက်ရုပ်အင်းဆက်ငယ်

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ အင်ဂျင်နီယာအဖွဲ့က **ကြိုးမဲ့စနစ်ဖြင့် ပျံသန်းနိုင်တဲ့ ပထမဆုံး စက်ရုပ်အင်းဆက်ငယ်ကို ဖန်တီးခဲ့ပါတယ်၊ RoboFly လို့ အမည်ပေးထားပြီး သွားကြားထိုးတံတစ်ချောင်းသာသာလောက်သာအလေးချိန်ရှိတဲ့ အင်းဆက်စက်ရုပ်ဖြစ်ပြီး တပ်ဆင်ထားတဲ့ ဆားကစ်ကနေ လေဆာစွမ်းအင်ကိုပြောင်းလဲထုတ်လုပ်ပေးပြီး လေဆာစွမ်းအင်နဲ့ တောင်ပံငယ်တွေကို ခတ်ကာ ပျံသန်းနိုင်စေတာဖြစ်**ပါတယ်။ အင်းဆက်ပိုးကောင်အရွယ်သာသာစက်ရုပ်ငယ်လေးတွေကို ယခင်က သိပ္ပံဇာတ်ကားတွေထဲမှာပဲ မြင်တွေ့ခဲ့ကြရတာဖြစ်ပြီး ယခုအခါမှာတော့ လက်တွေ့အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့ပြီလို့ ဝါရှင်တန်တက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခဆော်ယာဖူလာက ဆိုပါတယ်။ ဒီအင်းဆက်စက်ရုပ်ငယ်လေးတွေက လူတွေဝင်ထွက်သွားလာရခက်တဲ့နေရာတွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုတွေမှာ သဘာဝအတိုင်းကျင်လည်ကျက်စားနေတဲ့သတ္တဝါတွေကို အထိတ်တလန့်မဖြစ်စေလိုတဲ့အခါ၊ ဓာတ်ငွေ့ယိုစိမ့်မှုလိုမျိုးအန္တရာယ်များတဲ့ပတ်ဝန်းကျင်မှာ စောင့်ကြည့်မှတ်တမ်းယူတာမျိုးတွေအတွက် အသုံးချသွားနိုင်မယ်လို့ ဆော်ယာဖူလာက ဆိုပါတယ်။ **တကယ့်ယင်ကောင်ငယ်လေးတွေနဲ့ဆင်တူတဲ့ စက်ရုပ်အင်းဆက်ဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်း အသုံးပြုသွားနိုင်မယ်**လို့ ဆော်ယာက ဆိုပါတယ်။ ဒီစက်ရုပ်ငယ်လေးတွေက အခြားစက်ရုပ်တွေထက် ကုန်ကျစရိတ် ပိုမိုသက်သာစေတဲ့အပြင် **ဒရုန်းယာဉ်တွေဝင်ထွက်နိုင်တာထက်ပိုကျဉ်းမြောင်းတဲ့ နေရာတွေမှာ အသုံးပြုသွားနိုင်မှာဖြစ်တယ်**လို့ ဆော်ယာက ရှင်းလင်းပြောကြားခဲ့ပါတယ်။



(DM, 18.5.18) သံသာ

## ခြံရှင်းရာမှ ရတနာသေတ္တာ တွေ့သွားသည့် အမေရိကန်ဇနီးမောင်နှံ



အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ စတေတန်ကျွန်းတွင် နေထိုင်သည့် ဇနီးမောင်နှံသည် **ခြံရှင်းရာ မီးခံသေတ္တာအဟောင်းကြီးတစ်လုံးကို မထင်မှတ်ဘဲ တွေ့သွားသည်။ မီးခံသေတ္တာထဲတွင် မထင်မှတ်ဘဲရတနာများ တွေ့လိုက်**ရခြင်းသည် ငယ်စဉ်ကလေးဘဝက အိပ်မက်အလားဖြစ်နေတော့သည်ဟု ခင်ပွန်းဖြစ်သူ မက်သျူးက ဆိုသည်။ ၎င်းတို့ခြံထဲရှိ အပင်ငယ်လေးများကို သမင်တစ်ကောင် ဝင်စားသွားပြီးမှ ထိုသေတ္တာသည် မိမိတို့ သတိထားမိလာခြင်းဖြစ်သည်ဟု ၎င်းတို့ကပြောပြသည်။ ထိုသေတ္တာကို ဖွင့်ကြည့်ပြီးမှ ယင်းထဲတွင် **ဒေါ်လာ ၅၂၀၀၀၊ စိန်များ၊ ပတ္တမြားများအပါအဝင် လက်ဝတ်ရတနာအမြောက်အမြားရှိနေကြောင်း** ၎င်းတို့ သိလိုက်ရသည်။ 'အထဲမှာ စိန်တွေအပြင် စေ့စပ်လက်စွပ်အပါအဝင် လက်စွပ်တွေ အများကြီး တွေ့တယ်'ဟု ၎င်းက ဆိုသည်။ ထို့ပြင် **လိပ်စာစာရွက်လေးကိုလည်း သေတ္တာထဲတွင် တွေ့လိုက်သည်၊ အဆိုပါလိပ်စာသည် ၎င်းတို့အိမ်နီးချင်းတစ်ဦး၏ နေရပ်လိပ်စာဖြစ်နေသည်၊** နိဂုံးချုပ်သော် အထက်ပါအဖိုးတန်ပစ္စည်းများသည် **၎င်းတို့အိမ်နီးချင်း၏ ပစ္စည်းများဖြစ်သည်၊ အိမ်နီးချင်းများသည် ၂၀၁၁ ခုနှစ်တွင် ဓားပြတိုက်ခံလိုက်ရခြင်းဖြစ်သည်၊ ယင်းကို ရဲကလည်း အတည်ပြုသည်၊ ထို့ကြောင့် ရတနာသေတ္တာကို တွေ့သွားသည့် ဇနီးမောင်နှံက ထိုသေတ္တာကို ပိုင်ရှင်လက်ထဲ ပြန်အပ်လိုက်တော့သည်၊**

(DM, 19.5.18) ချယ်ရီ

## လေယာဉ်မှူးအခန်းတွင် တပ်ထားသည့်မှန် ဝေဟင်၌ ပြုတ်ထွက်သွားသဖြင့် အရေးပေါ်ဆင်းသက်လိုက်ရ



လေယာဉ်မှူးအခန်းတွင် တပ်ထားသည့် လေကာမှန်ကြီး အမြင့်ပေ ၃၂၀၀၀ သို့ ရောက်နေချိန်၌ ရုတ်တရက် ပြုတ်ထွက်သွားသဖြင့် **တရုတ်ခရီးသည်တင် လေယာဉ်မောင်းနှင်နေသည့် လေယာဉ်မှူးများက လေယာဉ်အရေးပေါ်ဆင်းသက်လိုက်ရကြောင်း** သိရသည်။ ခရီးသည် ၁၁၉ ဦး လိုက်ပါလာသည့် လေယာဉ်ပေါ်တွင် လေကာမှန် ပြုတ်ထွက်သွားသဖြင့် စီချွမ်လေကြောင်းလိုင်းပိုင် လေယာဉ်ပေါ်ပါဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရသွားခဲ့သည်။ ထိုသို့ ရုတ်တရက်ဖြစ်သွားသဖြင့် လေယာဉ်ထိန်းချုပ်ရေးစနစ်မှာလည်း ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးသွားသည်။ ထိုစနစ်ထဲမှ အချို့အစိတ်အပိုင်းများမှာ အပြင်ဘက် ဝုန်းခနဲ ထွက်ကုန်သဖြင့် လေယာဉ်မှူးများမှာ လေယာဉ်ကို အော်တိုစနစ်ဖြင့်မဟုတ်ဘဲ လက်အားဖြင့် မောင်းနှင်ခဲ့ရသည်။ **လေယာဉ်မှာ ချန်ဒူးမြို့ရှိ လေယာဉ်ကွင်းထဲ ချောချောမောမော ဆင်းသက်နိုင်ခဲ့သည်၊** လေယာဉ်မှူးတစ်ဦးမှာ ပွန်းပဲ့ရာအချို့ ရသွားပြီး ခါးဆစ်လည်း လွဲသွားသည်။ လေယာဉ် ရုတ်တရက် ထိုးဆင်းလိုက်ရသဖြင့် လေယာဉ်ဝန်ထမ်းတစ်ဦးမှာလည်း ထိခိုက်ဒဏ်ရာရသွားသည်။ စက်ချွတ်ယွင်းသည်ဟုသာ လေကြောင်းလိုင်းက ကြေညာထားပြီး အသေးစိတ်ထုတ်ပြန်ခြင်းမပြုထားပေ။

(Independent,19.5.18)

ချယ်ရီ

www.free4readers.com

MAB
Myanma Apex Bank

VISA | FIFA WORLD CUP RUSSIA 2018
worldwide partner

# EMBRACE YOUR LIFESTYLE

## FIRST VERTICAL VISA CARD IN MYANMAR
## COURTESY OF VISA




VISA PLATINUM CREDIT CARD

VISA CLASSIC CREDIT CARD

**MAB VISA FIFA WORLD CUP™ CREDIT CARD**

Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း

ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း

MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း

# APPLY NOW!

Available at Any MAB Branches
(While Stock Last)

Get MAB CARD

CALL CENTER : 01 8610612

Scan QR Code with your Smart Phone to Find MAB Branches

www.free4readers.com



## လေဆိပ်သစ်ကြီးကို ဒုံးကျည်အန္တရာယ်မှကာကွယ်ရန် နယ်စပ်တစ်လျှောက်တွင် ပေ ၂၀ မြင့်သည့်ဒုံးကျည်ကာစနစ်ပါခြံစည်းရိုးကြီး တည်ဆောက်



**အစ္စရေးက ၎င်းတို့၏လေဆိပ်သစ်ကြီးကို ဒုံးကျည်အန္တရာယ်မှကာကွယ်ရန်အတွက် အရှေ့ဘက်နယ်စပ်တစ်လျှောက်တွင် ဒုံးကျည်ကာစနစ်ပါ ၂၁ မိုင်ရှည်လျားသည့်ခြံစည်းရိုးကြီးကိုတည်ဆောက်နေသည်**ဟု သိရသည်။ အစ္စရေး၏ပင်လယ်နိဆိပ်ကမ်းမြို့ ဖြစ်သော Eilat မြို့အနီးမှစ၍ Timna ချိုင့်ဝှမ်းထဲတွင်တည်ဆောက်လျက်ရှိသည့်လေဆိပ်သစ်တည်ရှိရာနေရာအထိ အစ္စရေးနှင့်ဂျော်ဒန်နယ်စပ်တစ်လျှောက် တွင်ဆောက်လုပ်နေသောခြံစည်းရိုးကြီးသည် ပေ ၂၀ အမြင့်ရှိသည်။ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်လာသည့်ရွှေ့ပြောင်းနေထိုင်သူများနှင့်စစ်သွေးကြွများကို ကာကွယ်ရန်အတွက် အီဂျစ်နှင့်အနောက် တောင်ပိုင်းနယ်စပ်အပါအဝင်အစ္စရေးကို ပတ်ပတ်လည်အကာအကွယ်များတည်ဆောက်ရာတွင် တစ်စိတ်တစ်ပိုင်းပါဝင်လာသည့်နယ်စပ်ခြံစည်းရိုးဖြစ်ပြီး Ramon လေဆိပ်သစ်ကြီးကို ကာကွယ်ရန် **လေဆိပ်အနီးရှိ ၈၅ ပေရှည်သောနယ်စပ်ခြံစည်းရိုးနေရာတွင် ဒုံးကျည်ကာကွယ် ရေးစနစ်ကိုပါတပ်ဆင်ထားသည်။** ဒုံးကျည်များကိုဟန့်တားပေးနိုင်သည့် အဆိုပါနယ်စပ်ခြံစည်းရိုးသည် **ဒုံးကျည်ထိပ်ဖူးများနှင့်မြေပြင်မှမြေပြင်ပစ်ဒုံးကျည်များကို ဖျက်ချနိုင်ရန်ရည်ရွယ်ဒီဇိုင်းရေးဆွဲ**ထားသည်။ အိမ်နီးချင်းဂျော်ဒန်နိုင်ငံသည် အစ္စရေးနှင့်ငြိမ်းချမ်းရေးစာချုပ်ရှိသည့် အာရပ်နှစ်နိုင်ငံထဲမှတစ်နိုင်ငံဖြစ်သော်လည်း အစွန်းရောက်အကြမ်းဖက်များမှီ တင်းနေထိုင်ရာနေရာဖြစ်သည်။ လေဆိပ်သစ်ဆောက်လုပ်မှုကို ၂၀၁၈ ခုနှစ်နှောင်းပိုင်း သို့မဟုတ် ၂၀၁၉ ခုနှစ်အစောပိုင်းတွင် စတင်သွားမည်ဟုခန့်မှန်းရပြီး ၎င်းဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုအဆင့်မြှင့်တင် ရန်ဖြစ်သည်ဟု သိရသည်။ (AP,21.5.18) အေးယုနိုင်

## ခရစ်ယာန်သီလရှင်များ အွန်လိုင်းလျှော့သုံးရန် ဗာတီကန်ညွှန်ကြား



ခရစ်ယာန်သီလရှင်များ အွန်လိုင်းလျှော့သုံးပြီး ဘာသာရေးအလုပ်ဘက် ပိုမိုအာရုံစိုက်ကြရန် ဗာတီကန်က ညွှန်ကြားလိုက်သည်။ **ကက်သလစ်ဘုရားကျောင်းတွင် နေထိုင်ကြသည့် သီလရှင်ပေါင်း ၃၈၀၀၀သည် အွန်လိုင်းအလွန်အကျွံအသုံးပြုပြီး သတင်းများဖတ်နေသဖြင့် ဘာသာရေးဘက်တွင် အားနည်းလာသည်ဟု** ဗာတီကန်ကဆိုခြင်းဖြစ်သည်။ တရားရှုပွားနှလုံးသားဆိုသည့် စာရွက်တွင် ပုပ်ရဟန်းမင်းကြီးက သီလရှင်များအား သီလရှင်ကျောင်းတွင် မည်သို့နေထိုင်ရမည်ဆိုသည့်အချက်များအပါအဝင် လမ်းညွှန်ချက်များ ပေးထားခြင်းဖြစ်သည်။ **လူမှုကွန်ရက် လုံးဝ အသုံးမပြုရဟု တားမြစ်မထားသော်လည်း အတန်အသင့်သာ အသုံးပြုရမည်**ဟု ပုပ်ရဟန်းမင်းကြီးက ညွှန်ကြားထားသည်။ အွန်လိုင်းကြောင့် သာသနာအလုပ်များ အပျက်မခံသင့်ကြောင်း ညွှန်ကြားချက်တွင် ဖော်ပြထားသေးသည်။ သီလရှင်များသာသနာအလုပ်တွင် ပိုမိုစွဲမြဲမွေ့လျော်လာစေရန် မည်သို့လုပ်သင့်သည်ဆိုသည်ကို သီလရှင်များနှင့်တိုင်ပင်ကြည့်အပြီးတွင်မှ အထက်ပါညွှန်ကြားချက်များထွက်လာခြင်းဖြစ်သည်။ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ခရစ်ယာန်ဂိုဏ်းချုပ်က အဆိုပါစာရွက်ကို တင်ပြသွားခဲ့ခြင်းဖြစ်သည်ဟု ဗာတီကန်သတင်းဌာနက ဆိုသည်။

(DM, 21.5.18)

ချယ်ရီ

## ဆူနာမီရေလှိုင်းကြီးများ ဖန်တီးနိုင်သော ကမ္ဘာဖျက်လက်နက် နျူကလီးယားဒုံးကျည်ထိပ်ဖူး တပ်ဆင်ထားသော ရေအောက်မောင်းသူမဲ့ယာဉ်ကို ရုရှားကထုတ်ဖော်ပြသ



အနောက်နိုင်ငံများ၏ဆိပ်ကမ်းများကိုဖျက်ဆီးပစ်နိုင်စွမ်းရှိသော နှစ်မီဂါတန်နျူကလီးယားဒုံးကျည်ထိပ်ဖူးတပ်ဆင်ထားသည့်ပင်လယ်ရေအောက်မောင်းသူမဲ့ယာဉ်တစ်စင်းကို ရုရှားက ထုတ်ဖော်ပြသခဲ့သည်ဟု သိရသည်။

**ရုရှား၏ Poseidon တော်ပီဒိုရေငုပ်သင်္ဘောသည် ရန်သူ၏ရေတပ်အခြေစိုက်စခန်းများကိုဖျက်ဆီးပစ်ရန်ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး တစ်နာရီလျှင်ရေမိုင် ၇၀ ကျော်နှုန်းဖြင့်သွားလာနိုင်သည်။** ပင်လယ်ရေအောက် မောင်းသူမဲ့ ယာဉ် တည်ဆောက်မည့်အစီအစဉ်ကို ရုရှားသမ္မတပူတင်သည် ပြီးခဲ့သည့်မတ်လက ကြေညာခဲ့ပြီး **ရန်သူက မည်သည့်နည်းနှင့်မှဖျက်မချနိုင်သောနျူကလီးယားလက်နက်ပေါင်းများစွာကိုပိုင်ဆိုင်ထားပြီ**ဟုလည်း ကြွားဝါခဲ့သေးသည်။ ပူတင်က မော်စကိုမြို့၌ နှစ်ပတ်လည်မိန့်ခွန်းပြောဆိုစဉ်တွင် Satan 2 အပါအဝင် အခြားအထင်ကရလက်နက်များအကြောင်းထည့်သွင်းပြောဆိုခဲ့သည်။ အမေရိကန်က Status 6 သို့မဟုတ် Kanyon ဟုခေါ်ဆိုသော Poseidon တော်ပီဒိုရေငုပ်သင်္ဘောတွင်တပ်ဆင်နေသည့် ၂ **မီဂါတန်နျူကလီးယားဒုံးကျည်ထိပ်ဖူးသည် ကမ္ဘာဖျက်လက်နက်ဟုအမည်တပ်ခံခဲ့ရဖူးပြီး ပေ ၃၃၀ အထိမြင့်မားသည့်ဆူနာမီရေလှိုင်းကြီးများဖန်တီးနိုင်စွမ်းရှိသည်**ဟု ကျွမ်းကျင်ပညာရှင်များက သတိပေးထားကြကြောင်း သိရသည်။

(AP,21.5.18) အေးယုနိုင်

## နျူကလီးယားလက်နက်သာစွန့်လွှတ်ပါက ဆက်လက်အာဏာရယူထားနိုင်သည်ဟု ထရမ့်က ကင်ဂျုံအန်ကို အာမခံချက်ကမ်းလှမ်း




အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်က ကင်ဂျုံအန်နှင့်ဆွေးနွေးပွဲလမ်းစများ ပြန်လည်ပေါ်ပေါက်လာစေရေးအတွက် **မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်အား နျူကလီးယားလက်နက်များကိုသာစွန့်လွှတ်မည်ဆိုပါက ဆက်လက်အာဏာရယူထားနိုင်သည်**ဟု အာမခံချက်ကမ်းလှမ်းလိုက်သည်ဟု သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များကြားသမိုင်းဝင်ဆွေးနွေးပွဲ၏အလားအလာများမှေးမှိန်လာသည့်အချိန်တွင် ထရမ့်က ဆွေးနွေးပွဲသာ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပါက ကင်ဂျုံအန်အတွက် အင်အားတောင့်တင်းစေမည့်အကာအကွယ်များ ရရှိလိမ့်မည်ဟု သတင်းသမားများကို ဆိုလိုက်ခြင်းဖြစ်သည်။ သို့သော် သတိပေးချက်ကိုပါပူးတွဲထုတ်ပြန်ခဲ့ပြီး **နှစ်နိုင်ငံကြားဆွေးနွေးပွဲသာဖြစ်မလာခဲ့ပါက** ကင်ဂျုံအန်သည် လစ်ဗျားအာဏာရှင်ကဒါဖီကဲ့သို့ အလားတူကံကြမ္မာနှင့်ကြုံတွေ့ရလိမ့်မည်ဟု ထည့်သွင်းပြောဆိုသွားခဲ့သည်။ **လာမည့်ဇွန်လ ၁၂ ရက်၌ စင်ကာပူတွင်ပြုလုပ်မည့်ဆွေးနွေးပွဲကို မြောက်ကိုရီးယားက လိုလားပုံရသော်လည်း နျူကလီးယားလက်နက်များစွန့်လွှတ်ရန် အမေရိကန်၏တောင်းဆိုချက်ကို ရှုတ်ချထားသည်။** ကင်ဂျုံအန်၏ လက်ရှိလုပ်ဆောင်ချက်များတွင် တရုတ်သမ္မတရှီကျင့်ဖျင်၏ လွှမ်းမိုးမှုများလည်းရှိနေသည်ဟု တစ်လအတွင်း တရုတ်သို့နှစ်ကြိမ်ရောက်ရှိခဲ့သည့်ကင်ဂျုံအန်၏ ခရီးစဉ်များကို ရည်ညွှန်း၍ ဒေါ်နယ်လ်ထရမ့်က ဆိုခဲ့ကြောင်း သိရသည်။

(AP,21.5.18) အေးယုနိုင်

## အမျိုးသမီး၏အစာအိမ်ထဲမှ တရားမဝင်သယ်ဆောင်လာသော ကိုကင်းထုပ်ငယ် ၁၀၆ ခုကို အောင်မြင်စွာထုတ်ယူနိုင်ခဲ့




**အိန္ဒိယရဲများက အမျိုးသမီးတစ်ဦး၏အစာအိမ်ထဲမှ တရားမဝင်တင်သွင်းလာသောကိုကင်းအထုပ်ငယ် ၁၀၆ ခုကို အောင်မြင်စွာထုတ်ယူနိုင်ခဲ့သည်**ဟု ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ်နိုင်ငံခြားသူအမျိုးသမီးကို သတင်းပေးမှုတစ်ခုဖြင့် မေလ ၁၄ ရက်က ဒေလီမြို့ရှိ နိုင်ငံတကာလေဆိပ်၌ဖမ်းဆီးရမိခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အဆိုပါအမျိုးသမီးကို **ကိုကင်းများထွက်လာစေရန် ဝမ်းနုတ်ဆေးများတိုက်ကျွေးခဲ့ပြီး ဆေးရုံ၌ထားရှိခဲ့သည်။ ၎င်း၏ကိုယ်ထဲမှမူးယစ်ဆေးများသည် စုစုပေါင်းဒေါ်လာ ၇၃၄၀၀၀ ခန့်တန်ဖိုးရှိသည်။** အမျိုးသမီးသည် ကိုကင်းထုပ်များကို ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် မြိုချခဲ့ပြီးနောက် ဒေလီမြို့ရှိ နိုင်ဂျီးရီးယားအမျိုးသားတစ်ဦးထံသို့သွားပေးရန်ခိုင်းစေခံခဲ့ရခြင်းဖြစ်သည်။ **အိန္ဒိယမူးယစ်နှိမ်နင်းရေးဌာနမှ အာဏာပိုင်များက ၎င်းမှာ သမိုင်းကြောင်း၌ လူတစ်ဦး၏ကိုယ်ထဲမှကိုကင်းထုပ်အများဆုံးထုတ်ယူမှုတစ်ခုဖြစ်သည်**ဟု ဆိုခဲ့သည်။ ဗိုက်ထဲမှထုတ်ယူရရှိသည့် ကိုကင်းထုပ်များအတွင်း ကိုလံဘီယာမှအရည်အသွေးမြင့်ကိုကင်းများပါဝင်လာခဲ့ပြီး ယခုအခါ အိန္ဒိယရဲများက ဆေးလက်ခံရမည့် နိုင်ဂျီးရီးယားနိုင်ငံသားကို လိုက်လံရှာဖွေလျက်ရှိသည်ဟု သိရသည်။

(BBC,21.5.18)

အေးယုနိုင်

www.free4readers.com



## ဟောင်ကောင်ဗိသုကာပညာရှင်၏ iPad သဏ္ဌာန် အဆောက်အအုံကြီးကို ဒူဘိုင်းတွင် ယခုနှစ်ကုန်၌ ဖွင့်လှစ်မည်



ဟောင်ကောင်ဗိသုကာပညာရှင်ဂျိမ်းစ်လောက ခေတ်မီနည်းပညာများဖြင့် ပြည့်နှက်နေသော iPod ကိုပုံစံယူကာ ဒီဇိုင်းရေးဆွဲပေးခဲ့သည့်ဒူဘိုင်းမှအဆောက်အအုံကြီးသည် ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်သည်ဟု သိရသည်။

iPad Tower မှ The Pad ဟုအမည်ပြောင်းပေးထားသည့်အဆောက်အ အုံကြီးကို ၂၀၀၆ ခုနှစ်ကတည်းက ဒူဘိုင်းရှိ Business Bay တွင်စတင်တည်ဆောက်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကျော်ခန့် ကြာပြီးနောက် ယခုနှစ်နှောင်းပိုင်းတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ **ဆိပ်ကမ်းနေရာ၌ iPod ကြီးထောင်ထားသည့်သဏ္ဌာန်တည်ဆောက်ထားသောအဆောက်အအုံဒီဇိုင်းသည်** လက်ရှိနာမည်ကျော်ဗိသုကာ ပညာရှင်များဖြစ်သော Zaha Hadid နှင့် Norman Foster တို့၏လက်ရာများကိုကျော်၍ နိုင်ငံတကာပြိုင်ပွဲတစ်ခုတွင် အနိုင်ရရှိခဲ့သည်။ **၂၄ ထပ်တာဝါကြီးတွင် အဆင့်မြင့်နည်းပညာသုံးအခန်းပေါင်း ၂၃၁ ခုပါရှိသည်။** အခန်းတိုင်းတွင် နေရာပြောင်းလဲတတ်သည့် VR နည်းပညာသုံးနံရံ၊ ကျန်းမာရေးအခြေအနေကို စိစစ်ပေးပြီး မှန်ပေါ်တွင်ပြန်လည်ဖော်ပြပေးသောသန့်စင်ခန်း၊ သော့အစားအသုံးပြုနိုင်သည့် ရေဒီယိုကြိမ်နှုန်းသက်သေခံကတ်ပြား အပါအဝင် အဆင့်မြင့်နည်းပညာများကိုအသုံးပြုပေးထားသည်။ **iPod ထောင်ထားသည့် သဏ္ဌာန်နှင့်ပိုတူစေရန် အဆောက်အအုံကို ၆.၅ ဒီဂရီအစောင်းတည်ဆောက်ထားပြီး** နေရာအချို့တွင် ရွှံ့ဆေးအုတ်ခဲများအသုံးပြုထားကာ ကွန်ကရစ်အုတ်ခဲသစ်များဖြင့်ဝန်းရံထားခြင်းသည် စိတ်ကူးဉာဏ်အသစ်များ၊နည်းဗျူဟာအသစ်များ၊ ပုံစံအသစ်များ၊ နည်းပညာအသစ်များပေါ်ထွက်လာနေမြဲဖြစ်သည့်နည်းပညာကို ကိုယ်စားပြုသည်။ အဆောက်အအုံထဲ၌ နေထိုင်သူများ၏လှုပ်ရှားမှုအားလုံးသည် အဆောက်အအုံမျက်နှာစာနှင့်အတွင်းပိုင်းမှမီးရောင်များနှင့်ဂီတသံများကို အမြဲပြောင်းလဲပေးနေနိုင်သည်ဟု သိရသည်။

(DM,19.5.18) အေးယုနိုင်

## ၂၀၂၂ ခုနှစ်၌ ပစိဖိတ်သမုဒ္ဒရာထဲတွင် တည်ထောင်မည့် ကမ္ဘာ့ပထမဆုံးရေပေါ်နိုင်ငံကို ကိုယ်ပိုင်အစိုးရဖြင့်ထားရှိမည်



၂၀၂၂ ခုနှစ်၌ **ပစိဖိတ်သမုဒ္ဒရာထဲတွင် တည်ထောင်မည့် ကမ္ဘာ့ပထမဆုံးရေပေါ်နိုင်ငံကို ကိုယ်ပိုင်အစိုးရအဖွဲ့က အုပ်ချုပ်သွားမည်ဖြစ်ပြီး** Vayron ခရစ်တိုငွေကြေးကိုအသုံးပြုမည်ဟု သိရသည်။

ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် တည်ဆောက်ထားသည့်နိုင်ငံသစ်တွင် နေအိမ်ပေါင်း ၃၀၀ သာမက ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ရုံးခန်းများနှင့်အခြားအဆောက်အအုံပေါင်းများစွာပါဝင်သည်။ ပစိဖိတ်သမုဒ္ဒရာထဲရှိ Tahiti ကျွန်းအလွန်တွင်တည်ရှိပြီး PayPal တည်ထောင်သူ Peter Thiel က ပိုလီနေးရှား အစိုးရနှင့်ပူးပေါင်းကာ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အလှူရှင်များ၏အကူအညီများနှင့်အတူ ဒေါ်လာသန်း ၅၀ ငွေကြေးပံ့ပိုးပေးထားသည်။ Floating Island ပရောဂျက်၏သုတေသီတစ်ဦးက လာရောက်နေထိုင်သူများသည် **ကမ္ဘာမြေပထဝီ၏လွှမ်းမိုးမှု၊ ကုန်သွယ်မှုပြဿနာများနှင့် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည့်အတွက်** တစ်ချိန်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဒုက္ခသည်ခိုလှုံသူများ၏နေရာဖြစ်လာနိုင်သည်။ Seasteading Institute and Blue Frontiers က ဖန်တီးပေးထားသည်။

၂၀၂၂ ခုနှစ်တွင်ပြီးစီးမည့် **ကျွန်းနိုင်ငံလေး၏အဆောက်အအုံအမိုးတိုင်းတွင် စိမ်းလန်းသည့်ဟင်းသီးဟင်းရွက်များစိုက်ပျိုးပေးသွားမည်ဖြစ်သည်၊** ဆောက်လုပ်ရေးတွင်လည်း ဝါး၊ အုန်းလက်၊ သစ်သားနှင့်အသုံးပြုပြီးသားသတ္တုနှင့်ပလတ်စတစ်များကို အသုံးပြုထားသည်။ **နိုင်ငံတကာရေပိုင်နက်တွင် လွတ်လပ်သည့်နိုင်ငံသစ်တစ်ခုဖန်တီးမှု**သည် လူသားမျိုးနွယ်စုအား နိုင်ငံရေးသမားများလက်မှလွတ်မြောက်လာအောင်ကူညီပေးရန်ဖြစ်သည်။ လူတစ်ပိုင်းနတ်ဘုရားမတစ်ပိုင်း Maui ကိုကိုယ်စားပြုသည့်ငါးမျှားချိတ်သဏ္ဌာန်တည်ဆောက်ထားသော ကျွန်းတုတွင် တောင်တန်းများ၊ သန္တာကျောက် တန်းများနှင့် နေ၊ ကြယ်၊ လတို့၏ပုံရိပ်များအားလုံးကို ပေါ်လွင်အောင် ဒီဇိုင်းရေးဆွဲထားသည်။ ပိုလီနေးရှားယဉ်ကျေးမှု ဟန်ပန်၊ ဒေသတွင်းဆောက်လုပ်ရေး နည်းပညာများနှင့် ထုတ်ကုန်များကိုထည့်သွင်း ပေါင်းစပ်ထားသည်။ Seasteading Institute ၏ဥက္ကဋ္ဌ Joe Quirk က ၂၀၅၀ ပြည့်နှစ်တွင် အုပ်ချုပ်ပုံချင်းကွာခြားသည့် ရေပေါ်နိုင်ငံပေါင်းများစွာကို မြင်တွေ့လိုသည်ဟု ဆိုခဲ့ကြောင်း သိရသည်။ (DM,19.5.18) အေးယုနိုင်










# Air Asia ၏ ခရီးသည် သန်း ၅၀၀ ပြည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲ ကျင်းပ




**Air Asia** လေကြောင်းလိုင်း၏ **ခရီး သည် သန်း ၅၀၀ပြည့်အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနား**ကို မေလ ၁၅ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Central Plaza Lardpraoတွင် ကျင်းပပြုလုပ်သွားခဲ့သည်။ အဆိုပါပွဲသို့ Air Asia Group CEO တိုနီဖာနန်ဒက်စ်ကိုယ်တိုင်တက်ရောက်လာခဲ့ပြီး Air Asia၏ **သန်း ၅၀၀ ပြည့်ကံထူးရှင်ခရီးသည်ဖြစ်ခဲ့သူ ဒေါက်တာပနတ်အိုပရာဆက်ဆာဝပ်ကိုလည်း** အမှတ်တရဂုဏ်ပြုဆုပေးအပ်သွားခဲ့သည်။ ၂၀၁၈ခုနှစ်၊ မတ်လ ၁၈ရက်က ဖူးခက်မှ ဘန်ကောက်သို့ ခရီးစဉ်တွင် ဒေါက်တာပနတ်က Air Asia၏ သန်း ၅၀၀ပြည့် ခရီးသည်အဖြစ်မှတ်တမ်းဝင်ခဲ့ပြီး Air Asia၏ BIG LOYALTY points သုံးသန်းနှင့်အတူ vidiမှ ဘတ် ၅၀၀၀၀တန် ဈေးဝယ်ခွင့်ဘောက်ချာကိုလည်း ချီးမြှင့်ခံခဲ့ရသည်။ ထို့နောက် Air Asia CEOတိုနီက ကြိုတင်မကြေညာထားခဲ့ဘဲ အံ့အားသင့်သွားစေမည့်လက်ဆောင်အဖြစ် ဒေါက်တာပနက်နှင့်ဇနီးကို **Air Asia၏ တစ်သက်တာလေယာဉ်အခမဲ့စီးနင်းခွင့်ကိုပါ ပေးအပ်သွားခဲ့သည်။ ၂၀၀၁ခုနှစ်အတွင်း လေယာဉ်နှစ်စီး၊ ဝန်ထမ်း ၂၀၀ဦး၊ စီးနင်းလိုက်ပါသူ ခရီးသည် ၂၀၀၀၀၀ဖြင့် စတင်ခဲ့သည့် Air Asia လေကြောင်းသည် ၁၆နှစ်တာကာလအတွင်း ဆိုက်ရောက်ရာပန်းတိုင် ၁၃၀ကျော်ဆီသို့ ခရီးသည်ဦးရေ သန်း၅၀၀ကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီး** Air Asia၏ Half a billion guests အောင်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ Air Asia လေကြောင်းအနေဖြင့် **လက်ရှိအချိန်တွင် လေယာဉ်အစီးရေ ၂၀၀ကျော်၊ နိုင်ငံပေါင်း ၅၀ကျော်မှ ဝန်ထမ်းဦးရေ၂၀၀၀၀ ကျော်တို့ဖြင့် ခရီးသည် သန်း ၅၀၀ကျော်ကို ဝန်ဆောင်မှုပေးခဲ့ပြီဖြစ်သည်။** သံသာ

# "သမာဓိ" စိန်ရွှေရတနာဆိုင် (၂) စတင်ဖွင့်လှစ်

"သမာဓိ" စိန်ရွှေရတနာဆိုင်(၂) ဖွင့်ပွဲကို မေလ ၁၉ ရက်က **ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ရွဲလမ်းထောင့်ရှိ** အမှတ် ၆၁၉ တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါဆိုင်သစ်ဖွင့်ပွဲတွင် နာမည်ကျော် အနုပညာရှင်များဖြစ်သော မေသန်းနု၊ ထက်ထက်မိုးဦး၊ အိန္ဒြာကျော်ဇင်နှင့် အိချောပိုတို့က စက်ခလုပ်နှိပ်ဖွင့်လှစ်ခဲ့ကြသည်။ ဆိုင်သစ်စတင်ဖွင့်လှစ်သည့်အနေဖြင့် မေလ ၁၉ရက်နှင့် ၂၀ရက်၌ လာရောက်ဝယ်ယူအားပေးကြသော ဧည့်သည်တော်များအား ရွှေထည်ပစ္စည်းအမျိုးအစား ၅၀၀ကျော်ကို ဗလာမပါကံစမ်းမဲအစီအစဉ်အဖြစ် မဲနှိုက်ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ရွှေချစ်သူများ အတွက် သမာဓိစိန်ရွှေရတနာဆိုင်မှ ဆိုင်သစ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၀၂၅



# PARKROYAL Hotel Wedding Fair 2018 ကျင်းပမည်



မင်္ဂလာမောင်မယ်များအတွက် Aroma နှင့် PARKROYAL Hotel Yangon တို့ ပူးပေါင်းစီစဉ်သော **Parkroyal Yangon Wedding Fair 2018 "The One and Only"** ခေါင်းစဉ်ဖြင့်ပွဲကြီးကို ဩဂုတ်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း စာနယ်ဇင်း မိတ်ဆက်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ရန်ကုန်မြို့ရှိ ယင်း Hotel ၌ ကျင်းပခဲ့သည်။ အဆိုပါ "The One and Only" ပွဲကြီးကို ဩဂုတ် ၄ ရက် မှ ၅ ရက်နေ့အထိ နှစ်ရက်တိုင်တိုင် နာမည်ကြီး အနုပညာရှင်ပေါင်းများစွာပါဝင်ကာ ရှိုးလျှောက်ပြသမည်ဖြစ်ကြောင်းလည်း သိရသည်။

၀၂၅

# Wave Plus သောက်ရေသန့် မိတ်ဆက်ပွဲ ပြုလုပ်

ခေတ်သစ္စာနှင့် ပိုးမွှားများ ကင်းစင်သည့် သန့်ရှင်းစင်ကြယ်သော **Wave Plus သောက်ရေသန့် စာနယ်ဇင်း မိတ်ဆက်ပွဲ**ကို မေ၁၈ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ သောက်ရေသန့်မိတ်ဆက်ပွဲတွင် တေးသံရှင် R ဇာနည်၊ ဖြူဖြူကျော်သိန်း၊ Ar- T၊ နီနီခင်ဇော်၊ ဝေလ၊ အကယ်ဒမီမယ်လိုဒီ၊ DJ သော်သော် စသည်တို့က တေးသီချင်းများဖြင့် တီးခတ်သီဆိုဖျော်ဖြေခဲ့ကြပြီး ဝယ်ယူအားပေးသူ Customer များအား ကံစမ်းမဲများ ဖောက်ပေးခဲ့သည်။ ၎င်းသောက်ရေသန့်သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန **FDA မှ ထောက်ခံချက်ရရှိထားပြီး** Filtration System ၊ Quality Control နှင့် Cleaning System များဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

၀၂၅








www.free4readers.com

## တင့်ကားအောက်ရောက်သွားသော်လည်း အသက်မသေခဲ့သည့်အမျိုးသား



ရုရှားနိုင်ငံ စိန့်ပီတာစဘာ့ဂ်မြို့မှာ ကျင်းပခဲ့တဲ့ စစ်တပ်ဆိုင်ရာပျော်ပွဲရွှင်ပွဲ တစ်ခုမှာ ရုရှားစစ်တပ်သုံးတင့်ကား T71 ပေါ်မှာ ကလေးတွေနဲ့ လူကြီးတစ်ချို့လိုက် စီးကြချိန်မှာ မဖတော်တဆဖြစ်ပြီး တင့်ကား ပေါ်ကနေ ပြုတ်ကျခဲ့ကြပါတယ်။ အမျိုးသားနှစ်ဦးနဲ့ ကလေးနှစ်ဦးတို့က တင့်ကား ပေါ်မှာ ထိုင်လျက်လိုက်ပါလာခဲ့ကြတာ ဖြစ်ပြီး တင့်ကားက **စစ်မြေပြင်ပုံစံ ဖန်တီးထားတဲ့ ကုန်းဆင်းနေရာတစ်နေရာမှာ ဦးစိုက်နိမ့်ဆင်းသွားချိန်မှာ တင့်ကား ပေါ်ကနေ ဟန်ချက်ပျက်ပြီး ပြုတ်ကျခဲ့ကြ တာဖြစ်ပါတယ်၊** ကလေးနှစ်ဦးနဲ့ အမျိုးသားတစ်ဦးက တင့်ကားဘီးလမ်းကြောင်း နှစ်ခုအလယ်ကြားနေရာကို ပြုတ်ကျခဲ့ တာဖြစ်ပေမယ့် ပီယိုတာနာ ဇရော့ဗ်ဆိုသူ အမျိုးသားကတော့ **တင့်ကားဘီးလမ်းကြောင်းအောက်ထဲ ဝင်သွားခဲ့တာဖြစ်ပါတယ်၊ တင့်ကားအောက်ကနေ ပီယိုတာကို ပြန်ဆွဲထုတ်ပေးခဲ့ရပြီး သေကံမရောက်ခဲ့ပေမယ့် ခြေတစ်ဖက်ကျိုးသွားခဲ့ရတယ်လို့**သိရပါတယ်။ ပျော်ပွဲရွှင်ပွဲအနေနဲ့ တင့်ကားတွေပေါ်မှာ လူတွေ လိုက်ပါစီးနင်းကြတာဖြစ်ပြီး ပီယိုတာနဲ့ အုပ်စု လိုက်ပါစီးနင်းချိန်မှာ ခုလိုမတော်တဆ ဖြစ်သွားခဲ့ရတာဖြစ်ပါတယ်။ ခုလို စီးနင်းတာက အသက်အန္တရာယ်ရှိတယ်ဆိုတာ ကိုယ်တွေ့ကြုံမှသိလိုက်ရတာဖြစ်ပြီး သူ့နေရာမှာ အခြားကလေးတစ်ဦးသာဆိုရင် မတွေးဝံ့စရာပါပဲလို့ တင့်ကားအောက် ရောက်သွားခဲ့ပေမယ့် အသက်မသေခဲ့သူ ပီယိုတာက သတိပေးပြောကြားသွားခဲ့ပါတယ်။

**(DM, 19.5.18)** သံသာ

## ဘိုးရင်း ၇၂၇ လေယာဉ်ကြီးကို ဝယ်ယူကာ သစ်တောအလယ်သို့ ရွှေ့ပြောင်း၍ တစ်ကိုယ်တည်းနေထိုင်နေသည့် အငြိမ်းစားအင်ဂျင်နီယာ



အသက် ၆၈ နှစ်အရွယ်အမေရိကန် **အငြိမ်းစားအင်ဂျင်နီယာဘရု့စ်ကမ့်ဘဲလ်** သည် ဘိုးရင်း ၇၂၇-၂၀၀ လေယာဉ် ပျံကြီးကိုဝယ်ယူကာ သစ်တောအလယ်တွင် တစ်ဦးတည်းနေထိုင်လျက်ရှိ သည်ဟု သိရသည်။

လေယာဉ်ကြီးကို ဂရိမှနေ၍ အော်ရီဂွန်ပြည်နယ် ပေါ့တ်လန်းမြို့အပြင်ဘက်ရှိ ၁၀ ဧကကျယ်ဝန်းသောရင်းပိုင်ဆိုင်သည့် မြေနေရာသို့သယ်ဆောင်လာခဲ့သည်။အိမ်ထောင်ဘက်နှင့်သားသမီးမရှိသောကမ့်ဘဲလ်သည် **တစ်ချိန်ကဂရိနိုင်ငံ တကာစီးပွားရေးလုပ်ငန်းရှင်ကြီး Aristotle Onassis ၏ရုပ်အလောင်းအား မြေမြှုပ်ရန် ဂရိသို့ပို့ဆောင်ပေးခဲ့ရသော ၁၀၆၆ စတုရန်းပေကျယ်ဝန်းသည့်လေယာဉ်ကြီးထဲတွင် တစ်ကိုယ်တည်းနေထိုင် လျက်ရှိသည်၊**ကမ့်ဘဲလ်က "အင်ဂျင်နီယာတစ်ယောက်အနေနဲ့ များပြားတဲ့ငွေပမာဏကိုစုဆောင်းမိခဲ့လို့ ကောင်းမွန်တဲ့ နေအိမ်တစ်လုံးဝယ်ဖို့ဆိုတာမခဲယဉ်းပါဘူး။ဒါပေမဲ့ ကျုပ်က ငွေရှင်သူဌေးဖြစ်ချင်ခဲ့တာမဟုတ်ဘူး။လွတ်လပ်တဲ့အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်တာပါ။နည်းပညာနဲ့ရင်းနှီးတဲ့အရာတစ်ခုကိုရွေးချယ်ဖို့ စဉ်းစားကြည့်တဲ့အခါ လေကြောင်းနည်းပညာက အကောင်းဆုံးဖြစ်နေတာကိုမြင်တွေ့ခဲ့ရပါတယ်"ဟု ဆိုခဲ့သည်။ **ပေါ့တ်လန်းမြို့အပြင်ဘက်မိုင် ၂၀ အကွာသစ်တောမြေ ၁၀ ဧကကိုဝယ်ယူကာ နေရာရွှေ့ပြောင်းရေးကုမ္ပဏီတစ်ခုနှင့်ပူးပေါင်း၍ လေယာဉ်ကြီးကိုသယ်ဆောင်လာခဲ့သည်၊လေယာဉ်အတွင်းပိုင်းကို နေအိမ်တစ်လုံးကဲ့သို့ပြောင်းလဲပြင်ဆင်ကာနေထိုင်နေသည့်**ကမ့်ဘဲလ်က ၎င်း၏လေယာဉ်ကြီးကိုလာရောက်လေ့လာလိုသည့် ခရီးသွားဧည့်သည်များကိုလည်း လက်ခံလျက်ရှိသည်ဟု သိရသည်။

**(DM,19.5.18)** အေးယုနိုင်

## ခြေလက်မသန်စွမ်းသော သူတောင်းစားကို သေဆုံးသည့်အခါမှ သန်းကြွယ်သူဌေးဖြစ်နေမှန်း သိရှိခဲ့ရ



လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် အသက် ၅၂ **နှစ်အရွယ်ဖာတီမာအိုသမန်အမည်ရှိခြေလက်မသန်စွမ်းသောသူတောင်းစားအမျိုးသမီးတစ်ဦးမှာ နလုံးရပ်သေဆုံးသွားပြီးနောက်မှ** လက်ဘနွန်ပေါင်ငွေငါးသန်း (ဒေါ်လာ ၃၃၀၀) ထည့်သွင်းထားသည့်ငွေအိတ်နှစ်အိတ်ကို ပိုင်ဆိုင်သည့်အထိစုဆောင်းရရှိထားခဲ့ကြောင်း ရဲများက သိရှိခဲ့ရသည်။

ဖာတီမာ၏အလောင်းကို စွန့်ပစ်ကားအဟောင်းတစ်စီးပေါ်တွင်ရှာဖွေတွေ့ရှိခဲ့ကြပြီး ၎င်းနှင့်အတူဒေသခံဘဏ်တစ်ခု၏ ငွေစုစာအုပ်ကိုတွေ့ရှိရာမှ သွားရောက်စစ်ဆေးကြည့်သည့်အခါ ဖာတီမာသည် အမေရိကန်ဒေါ်လာ ၁.၁ သန်းအားပိုင်ဆိုင်ထားသည်ကို ထပ်မံတွေ့ရှိခဲ့ရပြန်သည်၊ **ဖာတီမာမှာ လက်ဘနွန်ပြည်တွင်းစစ်၌ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီးနောက် ခြေလက်မသန်စွမ်းသည့်ဘဝရောက်ခဲ့ရသည်၊** သို့သော် လက်ဘနွန်စစ်သားတစ်ဦးက ဖာတီမာကိုရေတိုက်နေသည့်ဓာတ်ပုံသည် အွန်လိုင်းပေါ်တွင်ပျံ့နှံ့သွားပြီးနောက် လူသိများလာခဲ့ကာ အဆိုပါစစ်သားမှာလည်း ကိုယ်ချင်းစာနာမှုကို ဖော်ကျူးနိုင်ခဲ့သဖြင့် ချီးကျူးခံခဲ့ရသည်။ ရဲများက ဖာတီမာ၏မိသားစုကိုလိုက်လံရှာဖွေကြရာမှ Akkar မြို့တွင်တွေ့ရှိခဲ့ကြပြီး ယခုအခါတွင် မိသားစုဝင်များက ဖာတီမာကို မြေမြှုပ်ပေးခဲ့ကြပြီဖြစ်သည်ဟု သိရသည်။ **(DM,19.5.18)** အေးယုနိုင်

# ပြည်မြန်မာ

၃၅

၂၄-၅-၂၀၁၈

## ကိုရီးယားအနုပညာ သတင်း

ချယ်ရီ

### ဂိမ်းကို အရူးအမူးစွဲနေကြသည့် ကိုရီးယားနာမည်ကျော်များ



ဒီခေတ်မှာ ဂိမ်းကို လူတော်တော်များများ အရူးအမူးစွဲနေကြတာပါ။ ကိုရီးယားနာမည်ကျော်တွေဟာလည်း လူသားတွေပဲမို့ သူတို့လည်း ဂိမ်းစက်ကွင်းထဲကနေ မလွတ်ကြပါဘူး။ ဂိမ်းကစားရတာ အရမ်းကြိုက်တဲ့ နာမည်ကျော်တွေစာရင်းမှာ Twice က Mina နဲ့ BTS က Jungkook တို့က ထိပ်ဆုံးမှာ ရှိနေတာပါ။

### နာမည်ကျော်ဘဝကနေ သာမန်ဘဝထဲခုန်ချသွားတဲ့ ကိုရီးယားအနုပညာရှင်တွေ



ကေပေါ့နာမည်ကျော်အဆင့်အထိ ရောက်လာဖို့ဆိုတာ မလွယ်ပေမယ့် အဲဒီဘဝ ရောက်ကာမှ အကြောင်းအမျိုးမျိုးကြောင့် သာမန်ဘဝထဲ ပြန်ခုန်ချသွားတဲ့ ကိုရီးယားအနုပညာရှင်တွေရှိပါတယ်။ အကောင်းဆုံးဥပမာကတော့ Wonder Girls အဖွဲ့ဝင်ဟောင်း Sunye ပါပဲ။ နောက်တစ်ယောက်ကတော့ KARA အဖွဲ့ဝင်ဟောင်း Kim Sung Hee ပါ။

www.free4readers.com



www.free4readers.com

ပြည်မြန်မာ အချပ်ပို

Supplement A

Photo - Khin Mg Tun FB





## တပ်မတော်အား နိုင်ငံတကာ၏ ဖိအားပေးမှုများ ဆန့်ကျင်ပွဲ တာချီလိတ်တွင် ပြုလုပ်

စာ - ၈

Photo - KMY



## ငြိမ်းချမ်းရေးသရုပ်ပြ နောက်ဖေးလမ်းကြားဥယျာဉ် ဖွင့်လှစ်

စာ - ၁၁

Photo - SH



စာ - C

## ဂျိုရီဆာကီဝင်းကို တစ်ခဲနက် ကြိုဆိုခဲ့ကြပြန်

## Boundary line တွင် ARSA ၂၀ ခန့်ရှိဟု အဆိုပါနေရာမှ မြန်မာပြည်အတွင်း ပြန်လည်ဝင်ရောက်လာသူများ ပြောကြား

စာ - ၇



## မြန်မာ့ပထမဆုံး အထူးပြုလုပ်ချက်များစွာပါဝင်သော သိပ္ပံရုပ်ရှင်ဇာတ်ကား

စာ - B

Photo - Alex Tayzar Tun



## ဇယ်တန်းလမ်းကြမ်း စက်ဘီးပြိုင်ပွဲ မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပ

စာ - ၇



Photo - MKS

## မီးဘေးသင့်ကျူးကျော်များအား အိမ်ခန်းတွဲများတွင် စတင်နေထိုင်ခွင့်ပြု

စာ - ၈

4G LTE

telenor

လက်ကျန်ဒေတာများကိုအချိန်အကန့်အသတ်မရှိစုထားပြီး
အပူအပင်ကင်းကင်းသုံးလို့ရတဲ့...

ဒေတာစုဘူး ရဲ့ ပိုကောင်းတဲ့အစီအစဉ်

1MB ၁ ကျပ်ခွဲ

*979*2*2#

အမြဲအတူရှိသောတယ်လီနော



www.free4readers.com

Supplement D



iPad သဏ္ဍာန်အဆောက်အအုံကြီးကို ဒုဘိုင်းတွင် ယခုနှစ်ကုန်၌ ဖွင့်လှစ်မည်

အချပ်ပို



သမုဒ္ဒရာထဲတွင် တည်ဆောက်မည့် ကမ္ဘာ့ပထမဆုံး ရေပေါ်နိုင်ငံကို ကိုယ်ပိုင်အစိုးရဖြင့် အုပ်ချုပ်မည်

မိမိထံ လျှုဒါန်းသည့် ဇိမ်ခံကားကို ပုပ်ရဟန်းမင်းကြီးက ရောင်းပြီး အလှူအတန်းများ ပြုလုပ်



ဟန်းနီးမွန်းကို ရက်ရွှေ့လိုက်ပြီး နန်းတော်တာဝန်များသာ ထမ်းဆောင်ဦးမည့် တော်ဝင်မင်းသားနှင့် ကြင်ရာတော်



အလယ်ဒေါက်တိုင်မပါသည့် ကမ္ဘာ့အကြီးဆုံးချားရဟတ် ဖွင့်လှစ်



မီးတောင်မှ ချော်ရည်ပူစီးကြောင်းကြီးများ သမုဒ္ဒရာထဲသို့ စီးဝင်လာသဖြင့် စိုးရိမ်ဖွယ်ရာ ဖြစ်လာ


TOP THAI BRANDS 2018
ထိုင်းနိုင်ငံမှ အရည်အသွေးမြင့်ကုန်ပစ္စည်းများ

Organized By
DITP
Department of International Trade Promotion
Ministry of Commerce, THAILAND

TOP THAI BRANDS

7-10 JUNE
2018 | TATMADAW HALL
YANGON, MYANMAR

ထိုင်းနိုင်ငံ အရည်အသွေးမြင့် နာမည်ကြီးကုန်အမှတ်တံဆိပ်များ
- အဆင့်မြင့်စားသောက်ကုန်များ
- ကျန်းမာရေးနှင့်အလှအပ
- အဝတ်အထည်နှင့်အသုံးအဆောင်များ
- အိမ်သုံးပစ္စည်းများ
- အီလက်ထရွန်းနစ်ပစ္စည်းများ
- အိမ်အလှဆင်ပစ္စည်းများနှင့်လက်ဆောင်ပစ္စည်းများ



3-ACT ရုပ်ရှင်မဂ္ဂဇင်း
(cinema magazine)

LAUNCH
@ The Secretariat
27th May, 2018
(Sunday)
1pm to 5pm

— Introduction of 3-ACT
— Panel Discussion on the current situation and directions of Myanmar cinema
— JAM IT! Music performance

3-ACT ရုပ်ရှင်မဂ္ဂဇင်း၏ ရည်ရွယ်ချက်မှာ ရုပ်ရှင်ကို အနုပညာ၊ အသိပညာ၊ ဉာဏ်ကွန့်မြူးမှုနှင့် ဖျော်ဖြေရေးအဖြစ် အသိအမှတ်ပြုစေရန်အတွက် ကြွယ်ဝသော စကားလုံးများနှင့် ရုပ်ပုံများပေါင်းစည်းမှုတစ်ခုတည်ဆောက်ပေးရန်ဖြစ်ပါသည်။ သမရိုးကျ ရုပ်ရှင်ဖျော်ဖြေရေးစာမူများကို အလေးမပြုသော မဂ္ဂဇင်းတစောင်အဖြစ် ရပ်တည်ရန်လည်းဖြစ်ပါသည်။ မဂ္ဂဇင်းတွင် ပြည်တွင်းရုပ်ရှင်မြင်ကွင်းကိုလေ့လာသည့်ဆောင်းပါးများနှင့် လက်ရှိမြန်မာ့ရုပ်ရှင်လောကအပေါ် ပြန်လည်သုံးသပ်ရန် အားပေးသော ဆောင်းပါးများ အဓိကပါဝင်ပါသည်။

3-ACT ရုပ်ရှင်မဂ္ဂဇင်းကို ရုပ်ရှင်ဖန်တီးသူများ၊ ရုပ်ရှင်ဝါသနာအိုးများ၊ အခြားအနုပညာရှင်များနှင့် အနုပညာလှုပ်ရှားသူများအတွက် ရည်ရွယ်ထုတ်ဝေပါသည်။ ဤမဂ္ဂဇင်းတွင် အပိုင်း ၃ ပိုင်းပါဝင်ပါသည်။ ယင်းတို့မှာ -

(ACT-1) မြန်မာ့ရုပ်ရှင်မြင်ကွင်း
(ACT-2) လှုပ်ရှားပုံရိပ်
(ACT-3) ရုပ်ရှင်ဘာသာစကားတို့ဖြစ်ကြပါသည်။

မဂ္ဂဇင်းတစောင်စီတွင် ရုပ်ရှင်နှင့်ပတ်သက်သည့် မတူညီသော အကြောင်းအရာအစုံတရာအပေါ် အခြေခံသော အဓိကစာမူတစုကို SPECIAL FEATURE အဖြစ်သတ်မှတ်ထားပါသည်။

ကျွန်ုပ်တို့၏ 3-ACT ရုပ်ရှင်မဂ္ဂဇင်းကို အဖွဲ့ဝင်အယ်ဒီတာများနှင့် ပြင်ပအယ်ဒီတာများက ပူးတွဲတင်ဆက်ထားပါသည်။

တစ်အုပ်
၅၀၀၀/-

3-ACT LAUNCH is supported by